တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ

# အရှင်ဝိစိတ္တသာရာဘိဝံသ




ဒုတိယအကြိမ် ဓမ္မဒါန

ထေရုပ္ပတ္တိအကျဉ်းနှင့်

## ငွေရတုသြဝါဒကထာ

ဝိပဿနာဆယ်မျိုးတရားလက်ဆောင်များ

မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒ ပရိယတ္တိ စာသင်တိုက်ကြီး၏
(ဦးစီးနာယက)
မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်ကြီး၏
(မဟာနာယက)

အစိုးရ ပထမကျော်၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (ပထမ)ဝဍ္ဎံသကာ၊ အဋ္ဌကထာပြန်အကျော်(ရွှေတံဆိပ်တော်)၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ(ပထမ) တိပိဋကဓရ-မဟာ တိပိဋက ကောဝိဒ၊ ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ(ပထမ)တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌ သံဂါယနာ ဝိသဇ္ဇက (အဖြေ)၊ မဟာဗုဒ္ဓဝင်ကျမ်းပြု—

# ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ထေရုပ္ပတ္တိအကျဉ်း နှင့်
# ငွေရတုပြည့်ဝါဒ ကထာ

## ဝိပဿနာဆယ်မျိုး တရားလင်္ကာများ
## နှင့်
## သံဝေဂဂါထာလင်္ကာများ

ပထမအကြိမ် * အုပ်ရေ ၁၀,၀၀၀
၁၉၇၉၊ ဖေဖော်ဝါရီလ။

ဒုတိယအကြိမ် * အုပ်ရေ ၂၀,၀၀၀
၁၉၈၀ မေလ

မျက်နှာဖုံးပန်းချီ * ပေါ်ဦးသက်၏မြတ်သောဒါန၊

မျက်နှာဖုံးဘလောက် * လွင်

မျက်နှာဖုံးပုံနှိပ် * ထွန်းထွန်းမြင့်

ဓာတ်ပုံ * ဗမာ့ခေတ်ထွန်းအိ

အတွင်းဘလောက် * ဇမ္ဗူအေး

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၁၀၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၁၉)

ပုံနှိပ်ထုတ်ဝေ * မင်းကွန်းတိပိဋကနိကာယသာသနာပြုအဖွဲ့အတွက်
ဖြန့်ချိရေး * ဦးထွန်းအိ (ကင်းလွတ်ခွင့်အမှတ် ၄၃၆)၊
ထွန်းထွန်းမြင့် ပုံနှိပ်တိုက် (၀၁၉၁၁)
၃၀၂/၄၀ လမ်း (အထက်လမ်း) ရန်ကုန်မြို့က
ပုံနှိပ်ထုတ်ဝေဖြန့်ချိပါသည်။

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊
မင်းကွန်း တောင်ရိုးရှိ ဓမ္မနာဒကျောင်းတိုက်၏
ဦးစီးနာယက ဖြစ်တော်မူသော

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်မြတ်
၏

# ထေရုပ္ပတ္တိအကျဉ်း

## မိဘနှင့် ဖွားရာဇာတိ

မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျည်းပင် (သဲဖြူ၀) ရွာ၌ ခမည်းတော် ရွာသူကြီး ဦးဆုံ၊ မယ်တော် ဒေါ်ဆင်တို့မှ ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (နေ့စက်နာရီ ၃ နာရီကျော်)တွင် ဖွားမြင်တော် မူသည်။ သားသမီး သုံးယောက်အနက် သားအလတ် ဖြစ်သည်။ မိဘ ဆွေမျိုး ဉာတကာတို့၏ ခင်မင်မှုကို အကြောင်းပြု၍ ငယ်နာမည် "မောင်ခင်"ဟု ခေါ်တွင်သည်၊ ဇာတာတော်၌ကား မောင်ရန်ရှင်းဟု ရေးမှတ်ခဲ့ကြသည်။

## ကျောင်းသားသူငယ်ဘဝ

(၄)နှစ်သားအရွယ်၌ ဖခင် ဦးဆုံ ကွယ်လွန်အနိစ္စ ရောက်သဖြင့် မိခင် ဒေါ်ဆင်နှင့်အတူ အဘိုးဖြစ်သူ ဆရာကြီးဦးချယ် ဒေါ်အုံ့တို့ထံ မှော်ဘီ မြို့ပြောင်း နေထိုင်ရလျက် အဘိုး အဘွားတို့၏ စောင့်ရှောက်ပြုစုမှုကို ခံယူရသည်။ (၆)နှစ်သား အရွယ်တွင် ကျည်းပင်ကျောင်း ဆရာတော် အရှင်သာသနမထေရ်ထံ ပညာသင်ကြားရန် အပ်နှံသည်။ ကျောင်းသားကြီးများ၏ စာအံသံကို ကြားကာမျှဖြင့် သင်ပုန်းကြီး၊ မင်္ဂလသုတ် စသည့် စာများကို မှတ်သား ရွတ်ဆိုနိုင်သည်။ အိမ်တွင်လည်း အဘိုး ဦးချယ်နှင့် သမီး ဒေါ်ငွေပေါ (ဆရာတော်၏ အရီး)တို့က ဘုရားရှိခိုး၊ ငါးပါးသီလ၊ မေတ္တာပို့ စသည်တို့ကို သင်ကြားပေးသည်။

## သာမဏေဘဝ

ကျည်းပင်ကျောင်းသို့ အပ်နှံသည့်အချိန် (၆)နှစ်သားအရွယ်၌ပင် အဘိုး ဦးချယ်၊ အဘွား ဒေါ်အုံ့တို့က ပထမအကြိမ် ရှင်ပြုပေးသည်။ ငယ်လှသေး၍ သင်္ကန်းမဆည်းရသေး။ အသက် ၈ နှစ်အရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက် စာချ ဆရာတော် ဦးသောဘိတထံ ရွှေ့ပြောင်းအပ်နှံ၍ စာသင်ကြားစေသည်။ ၁၀ နှစ်သား အရွယ်တွင် မိခင် ဒေါ်ဆင်၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးသောဘိတက ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ သာမဏေငယ်၏ "ဥာဏ်

အမြင် ဆန်းကြယ်မှု''ကို အစွဲပြု၍ ''ရှင်ဝိစိတ္တာသာရ''ဟု ဘွဲ့ အမည် ပေးတော်မူသည်။

## ရဟန်းဘဝ

ဥပဇ္ဈာယ်ဆရာ ပျံလွန်တော်မူပြီးနောက်၊ အသက် ၁၉ နှစ် အရွယ်တွင် မြင်းခြံ မင်းကျောင်းတိုက်မှ ဘုန်းတော်ကြီး ဦးဣန္ဒာလောက-က မန္တလေးမြို့ အနောက်ဘက် မင်းကွန်း ဟောင်ရိုးရှိ မေ့နာဒတိုက်ဆရာတော် အရှင်ပညာစက္ကမထေရ်ထံ ပို့ဆောင်အပ်နှံ၍ ပညာဆက်လက်သင်ကြားစေသည်။ ၁၂၆၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်နေ့တွင် မင်းကွန်းငွေတောင် ဘောရ ကျောင်းတိုက် ခဏ္ဍသိမ်၌ မေ့နာဒ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်၊ ညောင်ကန် ဆရာတော်၊ မစိုးရိမ်ဆရာတော်၊ စစ်ကိုင်းမြို့ ဘုရားကြီး ဆရာ တော်၊ သမ္ဘာသတိဆရာတော်၊ မဟာသစ်ဝင်ချောင်ဆရာတော်၊ မင်းကွန်းတောင်ရိုး ချမ်းသာကြီး ဆရာတော်၊ ပေါင်းတောင်ကူ ဆရာတော်၊ ငွေတောင်တောရ ရွှေကျင်ဆရာတော် အစရှိသည့် သာသနာ့အဓိပတိ ဆရာတော်ကြီးများက ကမ္မဝါဆရာတော် များအဖြစ်ဖြင့် ချီးမြှင့် ဆောင်ရွက်တော်မူကြသည်။

ရဟန်းဒါယကာများမှာ မင်းကွန်းတောင်ရိုး ရန်ကုန်အိမ် ကြီးချောင် သီလရှင်ဆရာကြီး ဒေါ်မေ့စာရီနှင့် ရန်ကုန်မြို့ သူဌေးကြီးဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ ဖြစ်ကြ ပါသည်။

ဆရာတော်ကို ရဟန်း ခံပြီးနောက်၌ ထိုဆရာတော်များ ကိုမျှ စုံညီစွာ စည်းဝေးမိသောပွဲ မရှိတော့ပြီ။ ထို့ကြောင့် စစ်ကိုင်း ဘုရားကြီးဆရာတော်က "ရှေမ မင်္ဂလာရှိလှသည့် ပွဲကြီးဖြစ်ပါသည်။ မောင်ပဥ္စင်းကို အကြောင်းပြု၍ ငါတို့ နောက်ဆုံး စည်းဝေးရပါပေသည်"ဟု ဝမ်းမြောက် စကား မိန့်ကြားတော်မူ၍ ရဟန်းခံပွဲ ပြီးသည့်နောက် ၂ ရက်ခန့် ဆက်လက်ပြီး တရားစကား ပြောဆို ဆွေးနွေးကာ သီတင်း သုံးတော်မူခဲ့ကြပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရသည် မြင်းခြံမြို့နယ် ကျည်းပင် ရွာကျောင်း ဆရာတော် အရှင်သာသန၊ မြင်းခြံမြို့ မင်းကျောင်း တိုက် စာချဆရာတော် ဦးသောဘိတ၊ ငါးထပ်တိုက်ဆရာတော် ဦးမုနိန္ဒ၊ တန်ဆောင်ကြီးတိုက် ဆရာတော် ဦးဝိသုဒ္ဓ၊ ပထမ ဗမ္မနာဒကျောင်းတိုက် ဆရာတော် ဦးပညာစက္က၊ ကွမ်းထားဆရာ ဖြစ်သူ အရှင်ဓမ္မဝံသတို့ထံတော်၌ ပရိယတ္တိအခြေခံကျမ်းစာများ နှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို ပါရဂူရောက် တတ်မြောက် လိမ္မာအောင် ငယ်စဉ်ကပင် သင်ကြား ဆည်းပူး တော်မူပြီးလျှင် စာမေးပွဲပေါင်း များစွာတို့ကို ထူးချွန်စွာ အောင်မြင်တော်မူခဲ့ပါသည်။

အသက် ၁၃ နှစ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန် ပွဲ၌ ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်ကိုရင်း၊ ၁၄ နှစ်သား အရွယ်

တွင် သင်္ဂဟ ၉ ပိုင်းကိုရင်း ပြန်ဆိုအောင်မြင်တော်မူခဲ့ပါသည်။ အသက် ၁၅ နှစ်အရွယ်တွင် အစိုးရ ပထမငယ်တန်းကိုရင်း၊ ၁၆ နှစ်သားအရွယ်တွင် အစိုးရပထမလတ်တန်းကိုရင်း၊ ရဟန်း ဖြစ်စ ဝါမရမီ ၁၂၉၃ ခုနှစ်၌ အစိုးရပထမကြီးတန်းကိုရင်း၊ ရဟန်း ၁-ဝါအရ ၁၂၉၄ ခုနှစ်တွင် အိမ်တော်ရာ အမျိုးသား ပထမကြီးတန်းကိုရင်း၊ ရဟန်း ၂-ဝါအရ ၁၂၉၅ ခုနှစ်တွင် သကျသီဟ စာသင်တန်းနှင့် ပထမကျော်အတွက် ဝင်ရောက်ဖြေ ဆိုသော ပထမကြီးတန်း၌ *ခရေပွင့်အမှတ်ပြ၍ ၁-နံပါတ်မှ ပထမကြီးဘန်းကိုရင်း၊ *ရဟန်း ၃-ဝါအရ ၁၂၉၆ ခုနှစ်တွင် သကျသီဟ စာချတန်းနှင့်၊ အစိုးရ ပထမကျော်တန်းကိုရင်း၊ ၁၃၀၂ ခုနှစ်တွင် အစဆုံးကျင်းပသော 'အစိုးရစာချတန်း၌ ဂုဏ်ထူးကျမ်းများနှင့်တကွ အစိုးရစာချတန်းကိုရင်း၊ ဝင်တိုင်း မလွဲ ထင်တိုင်းစွဲ၍ အောင်ပန်းတို့ကို ဆက်ကာ ဆက်ကာ ရရှိ တော်မူခဲ့ပါသည်။

ထို့ပြင် ၁၃၁၂ ခုနှစ်တွင် ကျင်းပပြုလုပ်သော ၃ ကြိမ် မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ဝိနည်းငါးကျမ်းစာမျက် နှာ ၂၀၀၀ ကျော်ကိုရင်း၊ ၁၃၁၃ ခုနှစ်တွင် ကျင်းပပြုလုပ် သော ၄ ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲကြီး၌ အဘိဓမ္မာ ပိဋက ပထမပိုင်း ၅ ကျမ်း စာမျက်နှာ ၁၁၀၀ ကျော်ကိုရင်း၊ ၁၃၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်သော ၅ ကြိမ်မြောက် တိပိဋက ဓရ ရွေးချယ်ပွဲကြီး၌ အဘိဓမ္မာပိဋက ဒုတိယပိုင်း ၂ ကျမ်း စာမျက်နှာ ၂၅၀၀ ကျော်ကိုရင်း၊ ၁၃၁၅ ခုနှစ်တွင် ကျင်းပ ပြုလုပ်သော ၆ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌

သုတ္တန္တပိဋက သုတ်သုံးကျမ်း စာမျက်နှာ ၆၆၄ ကိုရင်း၊ အာဂုံ သဘော ရေးဖြေပွဲ နှစ်ရပ်လုံးတို့၌ ဂုဏ်ထူးနှစ်ဆင့်စီဖြင့် အောင်မြင်တော် မူခဲ့ပါသည်။

စာမေးပွဲ အားလုံးတို့၌ တခါဘူးမျှ အကျအရှုံး မရှိခဲ့ပဲ နှစ်ချင်းစွဲချည်းသာ အောင်မြင်တော်မူခဲ့ပါသည်။ သကျသီဟ စာချတန်းအောင်မြင်ရာတွင် စာသင်တန်း အောင်ပြီးနောက် နှစ်မခြားပဲ နှစ်ချင်းစွဲ စံချိန်တင်၍ ပထမဦးဆုံး ကျမ်းပြီး အောင်မြင်ခဲ့ခြင်း၊ အစိုးရစာချတန်း စာမေးပွဲတွင် နှစ်ချင်းစွဲ ဂုဏ်ထူးဖြင့် ပထမဦးဆုံး ကျမ်းပြီးအောင်မြင်ခဲ့ခြင်း၊ တိပိဋကဓရ ရွေးချယ်ပွဲတွင် အာဂုံပြန်ပွဲ၊ သဘော ရေးဖြေပွဲ နှစ်ရပ်လုံး၌ ဂုဏ်ထူးနှစ်ဆင့်စီဖြင့် ပထမဦးဆုံး ပိဋကသုံးပုံ အောင်မြင်ခြင်း တို့သည် မည်သူမျှ စံမတုနိုင်သော ထူးချွန်သည့် အောင်မြင်မှု များပင် ဖြစ်ပါသည်။

ဤသို့ စာမေးပွဲအသီးသီးတို့၌ ထူးချွန်စွာ အောင်မြင်တော် မူခဲ့သောကြောင့် ထူးခြားသော ဘွဲ့တံဆိပ်များကိုလည်း အလှူခံ ရရှိတော်မူခဲ့ပါသည်။ သကျသီဟ စာချတန်းကို နှစ်မခြားပဲ အောင်မြင်တော်မူခဲ့၍ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သကျသီဟ)အသင်းကြီးမှ ဆက်ကပ်သော "ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ "ဝဋံသက"ဟူသော ဘွဲ့တံဆိပ်တော်ကိုရင်း၊ ရန်ကုန်မြို့ ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးမှ ဆက်ကပ်သော "အဋ္ဌကထာ ပြန်အကျော်" ဟုသော ဘွဲ့တံဆိပ်တော်ကိုရင်း၊ အစိုးရ ပထမကျော်တန်းနှင့် စာချတန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၍ နိုင်ငံတော် အစိုးရက

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
# အရှင်ဝိစိတ္တသာရာဘိဝံသ



၁၃၁၅-ခုနှစ် (ပထမ) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘွဲ့တံဆိပ်တော်ရရှိသည့်နှစ်က ရိုက်ကူးထားသောပုံတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ




၁၃၄၂-ခုနှစ်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သဃ မဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်အဖြစ်
ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ရိုက်ကူးထားသောပုံတော်

ဆက်ကပ်သော ''အစိုးရပထမကျော်'' ဟူသော ဘွဲ့တံဆိပ်တော်နှင့် ''သာသနဓဇ သိရီပဝရ ဓမ္မာစရိယ'' ဟူသော ဘွဲ့တံဆိပ်တော်ကိုရင်း ထူးထူးခြားခြား အလှူခံ ရရှိတော်မူခဲ့ပါသည်။

ထို့ပြင် တိပိဋကဓရ အာဂုံပြန်ပွဲ၊ သဘော ရေးဖြေပွဲနှစ်ရပ်တို့၌ ဝိနည်းငါးကျမ်းကို ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့၍ နိုင်ငံတော်အစိုးရက ဆက်ကပ်သော ''ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ'' ဟူသော ဘွဲ့တံဆိပ်တော်နှင့်အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၁-လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ တပည့်နှစ်ဦးနှင့်တကွ အခမဲ့စီးနင်းလိုက်ပါနိုင်သော မီးသဘော်၊ မီးရထား ပထမတန်း အထူးလက်မှတ်ကိုရင်း၊ အဘိဓမ္မာ ၇-ကျမ်းကို ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့၍ နိုင်ငံတော် အစိုးရက ဆက်ကပ်သော ''ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ'' ဟူသော ဘွဲ့တံဆိပ်တော်နှင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၂-လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်ကိုရင်း၊ သုတ်သုံးကျမ်းကို ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့၍ နိုင်ငံတော်အစိုးရက ဆက်ကပ်သော ''ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ'' ဟူသော ဘွဲ့တံဆိပ်တော်ကိုရင်း၊ ပိဋကသုံးပုံလုံးကို ဂုဏ်ထူး နှစ်ဆင့်စီဖြင့် အပြီးအစီး အပြည့်အစုံ အောင်မြင်တော်မူခဲ့၍ နိုင်ငံတော်အစိုးရက ဆက်ကပ်သော ''ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရမဟာတိပိဋကကောဝိဒ'' ဟူသော ဘွဲ့တံဆိပ်တော်နှင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၃-လက် အမှတ်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်၊ တပည့်နှစ်ဦးနှင့်တကွ အခမဲ့စီးနင်းလိုက်ပါနိုင်

သော ကုန်း-ရေ-လေ သုံးဌာန ပထမတန်း အထူး လက်မှတ်တော်၊ "ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက" ဟူသော အက္ခရာတံဆိပ် ခတ်နှိပ်ပါရှိသော ဆင်စွယ် ယပ်ဝန်းတော်၊ နှစ်စဉ်လှူအပ်သော ရာသက်ပန် ဆွမ်းဆန်တော် စရိတ်များကိုပင် အလှူခံရရှိတော်မူခဲ့ပါသည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရသည် "စာသင်ရပ်ခဲစေ" ဟူသော ပညာရှိတို့ အဆုံးအမ ဥပဒေသအရ ဥပဇ္ဈာယ်ဆရာတော်ထံ၌ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းစာများကို ဆက်လက် သင်ကြား နေသော်လည်း ရဟန်း ၃ ဝါအရ သကျသီဟ စာချတန်းနှင့် အစိုးရ ပထမကျော် အောင်မြင်ပြီးသည့် အချိန်မှစ၍ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ ဆရာတော်၏ လက်ထောက်စာချအဖြစ် တာဝန်ယူပြီး စာပေကျမ်းဂန်များကို ပို့ချပေးတော် မူခဲ့ပါသည်။ ရဟန်းသိက္ခာ ၇ ဝါအရ ၁၂၉၉ ခုနှစ်နတ်တော်လသို့ ရောက်သောအခါ ဓမ္မနာဒ သာသနာပြုသံဃာ့အစည်းအဝေးကြီးမှ ညောင်ကန် ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များ၏တာဝန်လွှဲပေးအပ်တော် မူချက်အရ ပျံလွန်တော်မူသွားသော ဥပဇ္ဈာယ်ဆရာတော်ဘုရား၏ ဓမ္မနာဒကျောင်းတိုက် နာယကတာဝန်ကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်တော်မူလျက် ရှိပါသည်။

သာသနာတော်နှစ် ၂၅၀၀-ပြည့် အ ထိမ်း အ မှတ် ဖြင့် ၁၃၁၆ ခုနှစ် ကဆုန်လမှစ၍ ရန်ကုန်မြို့ကမ္ဘာအေး လိုဏ်ဂူတော်

တွင် ကျင်းပသော ထေရဝါဒ ဆဋ္ဌသံဂါယနာ တင်ပွဲကြီး၌ ဝိသဇ္ဇက—အဖြေ ပုဂ္ဂိုလ်အဖြစ်ဖြင့် ဆောင်ရွက်တော် မူခဲ့ပါ သည်၊ ဝိနည်းမဟာဝါ ပါဠိတော်ကိုသုတ်သင်ရန်အတွက်လည်း ပါဠိ ဝိသောဓက အဖွဲ့ဝင်အဖြစ်ဖြင့် ဆောင်ရွက်တော် မူခဲ့ပါ သည်။

နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ အတွဲ(၆)တွဲ၊ အုပ်ရေ(၈)အုပ်၊ စာမျက်နှာပေါင်း ၅၁၆၃ ရှိ မဟာ ဗုဒ္ဓဝင် ကျမ်းကြီးကို ဦးစီးရေးသားပြုစုတော်မူခဲ့ပါသည်။ ၊ထို့အပြင် မင်းကွန်း ပထမမြန္မာဒဿဆရာတော် နောက်ဆုံး ဟောကြား အမိန့်ရှိခဲ့သည့် ရှုပ်နာမ်ရှုနည်း တရားတော်အဖွင့်ကျမ်း၊ တရား ဟော တိတ်ခွေမှ ကူးယူပုံနှိပ်သည့် ရာဟုလောဝါဒသုတ်၊ မမွ ကထာသံဂဟ ဂါထာလင်္ကာများ၊ သာသနာတော် ဆိုင်ရာ ရတု၊ ဒြဘာ စာ၊ တေးကဗျာစသည့်များကို ရေးသားပြုစုခြင်း၊ မုံရွာကန်နီမြို့၊ ရွှေသိမ်တော်တောရ ဆရာတော် ဘုရားကြီး၏ သတ္တုဒါဂြိုဟ်ကျမ်းကို ကြည့်ရှုမှုမ်းမံ ပြင်ဆင်ပေးခြင်း စသည့် ဂန္ထကာရကအမှုများ ကို ပြုတော်မူပြီး၊ ပြုတော်မူဆဲ ဖြစ်ပါ သည်။

တရားပွဲများကိုလည်း ဝါတွင်းဝါပမကျန့်မြို့ရွာအသီးသီး သို့ လှည့်လည်၍ နေ့ရက်မပြတ် ဟောကြား ချီးမြှင့်တော်မူ သည်၊ ဟင်ရှားသော ဟောတရားများမှာ "သာသနာ့ ချိန်ခွင်ကြီး လေးလက်၊ တိတ်ခွေပေါင်း (၃၀) (၇၂ နာရီ)။ ဇာတ်ကြီးဆယ်ဘွဲ့ တဘွဲ့လျှင် တိတ်ခွေ(၅)ခွေမှ (၁၀)ခွေ (၆နာရီမှ ၁၂နာရီ)မှာကိ ချိုလျက် သာမန်အားဖြင့် ဟရား

ဒေသနာတော် တပုဒ်လျှင် အချိန်(၃)နာရီမှ (၄)နာရီအထိ တရားထော့က်၊ တရားနာခံ မထားပဲ ကြည်ညို နာယူဖွယ် ဟောကြားတော်မူလေ့ရှိပါသည်။

ပရိယတ္တိ သာသနာတော် ထွန်းကားရေးအတွက် မင်းကွန်း တောင်ရိုး ပရိယတ္တိသာသနာနုဂ္ဂဟ အသင်းကြီး၏ နာယက အဖြစ်ဖြင့် နှစ်စဉ်စာပြန်ပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေး တော်မူသည်။ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရား ကြီး (ပျံလွန်)၏ နိကာယ်သာသနာတော် ထွန်းကား စေလို သော ဆန္ဒတော်အရ "နိကာယုဇ္ဇောတကသမိတိ" အမည်ဖြင့် ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး ဖြစ်ထွန်းပေါ်ပေါက်လာအောင် လုံ့လပြုတော်မူလျက်၊ ယခု ထိုအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်(၈)ပါးအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူလျက်ရှိသည်။ ယခုတဖန် ၁၃၄၀-ပြည့် နှစ် ဝါဆိုလဆန်း(၅)ရက်နေ့မှစ၍ မင်းကွန်းမိုးမိတ်စေတီတော် ကုန်းမြေ၌၊ "တိပိဋက=နိကာယ" ကျောင်းတိုက် ဖွင့်လှစ်ကာ တိပိဋကဓရနှင့် နိကာယ်စာမေးပွဲများတွင် ဝင်ရောက် ဖြေဆို တော်မူကြမည့် သာသနာ့အာဇာနည် လောင်းလျာ ရဟန်း တော်များအား ပလိဗောဓ ကင်းစွာဖြင့် စာကျက်၊ စာအံ၊ စာကြံ၊ စာကြည့်နိုင်ကြစေခြင်းငှာ ဆွမ်း၊ ကွမ်း၊ ဆေးဝါး၊ ကျောင်း၊ သင်္ကန်းမှစ၍ ပိဋကကျမ်းစာအုပ်များပါ ထောက်ပံ့ လှူဒါန်းလျက်ရှိပါသည်။ ဤတိပိဋကနိကာယ ကျောင်းတိုက် အတွက် ဆရာတော်သည် မိမိအား နိုင်ငံတော်အစိုးရက တိပိဋက မေ ဆွမ်းဆန်ပတော်အနေဖြင့် လစဉ်လှူဒါန်းသည့် အလှူတော်ငွေ

၃၁၁ကျပ် (သုံးရာတစ်ဆယ့်တစ်ကျပ်)ကိုလည်း ၁၃၃၉ ခုနှစ်၊ တပို့တွဲလမှစ၍ အာလယပြတ်လှူဒါန်းတော်မူပါသည်။ ထို့ပြင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်လက်ခံရရှိသည့် (၂၅)နှစ်မြောက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်မော်ရုံကြီးတွင် ၅-၆-၇၈နေ့က ကျင်းပသော ငွေရတုသဘင် ပူဇော်ပွဲကြီးနှင့် မန္တလေးမလှန်ဆန်လှူအသင်းကြီး၊ မင်းကွန်းအစရှိသည့် ငွေရတု သဘင် ပူဇော်ပွဲအသီးသီးတို့မှ လှူဒါန်းပူဇော်ကြသည့် နဝကမ္မ ဝတ္ထုငွေများကိုလည်း ဤတိပိဋက နိကာယကျောင်းတိုက်ကြီး အရှည်သဖြင့် ထွန်းကားတည်တံ့နိုင်ရန် အစိုးရဘဏ်၌ အပ်နှံ စေလျက် ငွေပဒေသာပင်စိုက်ထူတော်မူပါသည်။ ရည်ရွယ်ချက် မှာ တိပိဋကဓရ သာသနာ့အာဇာနည်များ အဆက်မပြတ် ပေါ်ထွန်းနိုင်စေရန်ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ အခြား သာသနာရေး၊ လူမှုရေး ဆောင်ရွက်ချက်များမှာ— မင်းကွန်းတောင်ရိုးရှိ ဦးပုကြီးဝေဘရ တောင်ပေါ်ကြီးကျောင်းတိုက် အဆောက်အအုံ ဟောင်းများ နှင့် ပိဋကတ်တိုက်ကြီးကိုဦးဆောင်၍ မွမ်းမံ ပြင်ဆင်ပေးခြင်း၊ မင်းကွန်းတိုက်နယ်ဆေးရုံကို ပရိဘောဂ၊ ပစ္စည်း ကိရိယာ၊ ဆေးဝါးအပြည့်အစုံနှင့်တကွ ဆရာတော် ဦးဆောင် ဆောက် လုပ်၍ နိုင်ငံတော်အစိုးရသို့ လွှဲအပ်လှူဒါန်းခြင်း၊ ကဇလးငယ် များ၏ ပညာရေးအတွက် မင်းကွန်းတွဲဘက်အစိုးရအလယ်တန်း ကျောင်း နှစ်ထပ်အဆောက်အအုံကို ဦးဆောင် ဆောက်လုပ် လှူဒါန်းခြင်း၊ မင်းကွန်းတောင်ရိုးရှိ ချောင်အသီးသီးတို့နှင့်တကွ ဆေးရုံ၊ အလယ်တန်းကျောင်း၊ ရဲဌာနတို့အတွက် ရေစက်ကြီး

၂ လုံးဖြင့် ရေစဝတီမြစ်ရေရရှိရန် ဆောင်ရွက်ပေးတော်မူခြင်း၊ လျှပ်စစ်စက်ကြီး ၃ လုံးဖြင့် ဓမ္မနာဒတိုက်၊ မိုးမိတ်စေတီတော်နှင့် တိပိဋက နိကာယကျောင်း၊ တိုက်နယ်ဆေးရုံ စသည်တို့ကို လျှပ်စစ်မီးအားထွန်းညှိပေးခြင်း၊ တောချုံပိတ်ပေါင်းတို့ဖြင့် လွှမ်းမိုးပျက်စီးနေသော မင်းကွန်း မိုးမိတ်စေတီတော်ကြီးနှင့် အာရာမ်အဆောက်အအုံများကို ဦးဆောင်၍ မွမ်းမံ ပြုပြင် တည်ဆောက်ပေးခြင်း၊ မင်းကွန်းလူအိုရုံအသင်းကြီးတွင်လည်း နာယက ဆရာတော်အဖြစ်ဖြင့် ဘိုးဘွား ၂၀၀ ခန့်တို့၏ စားဝတ် နေရေးနှင့် ကျန်းမာရေးအတွက် စောင့်ရှောက်ကူညီတော်မူလျက်ရှိခြင်း၊ ဆရာတော်၏ဇာတိဒေသဖြစ်သော မြင်းခြံမြို့နယ် ကျည်းပင်(သဲဖြူ၀)ကျေးရွာ၌ ကလေးသူငယ်များ အတွက် နှစ်ထပ်စာသင်ကျောင်း နှစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းခြင်း၊ ၎င်းကျေးရွာများရှိ ဘုန်းတော်ကြီး ကျောင်းများ မြစ်ကမ်းပါးပြိုသဖြင့် ပြောင်းရွှေ့ပေးရာ၌ တာဝန်ယူ ဆောင်ရွက်ပေးတော်မူခြင်း၊ မြင်းခြံမြို့ မင်းကျောင်း ဆရာတော်နှင့် တမည့်စာသင်သားသံဃာတော် ၆၀ ကျော်တို့အတွက် ဆွမ်းဆန်တော်များ နှစ်စဉ်ထောက်ပံ့လှူဒါန်းခြင်း၊ ၎င်းကျောင်းတိုက်အတွင်း မဟာဓမ္မပါလ ဓမ္မာရုံအုတ်ကျောင်းကြီးဆောက်လုပ်လှူဒါန်းရာ၌ တဝက်ကျော် တာဝန်ယူ လှူဒါန်းတော်မူခြင်း၊ ၁၃၃၈-ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုးရှိ ရဟန်း သံဃာတော်များ၊ သီလရှင်များ၊ လူသူတော်များ အတွက် မလွန်ဆန်လှူအသင်းကြီးက ဆောင်ရွက်လျက်ရှိသော ဆွမ်းဆန်တော်အလှူခံကိစ္စကို ဆရာတော်ဘုရား ကိုယ်တိုင် တနိုင်ငံလုံးသို့

လှည့်လည်ဟောပြောကာ မြို့ရွာဒေသအသီးသီး၌ မလွန်ဆန်လှူ အသင်းခွဲများ ဖွဲ့စည်းတည်ထောင်စေလျက် ဆွမ်းဆန်တော်များ လှူဒါန်းစေခြင်း၊ မြို့ရွာအသီးသီးရှိ ပရိယတ္တိစာသင်တိုက်များ၊ ပရိယတ္တိဆိုင်ရာ အသင်းအဖွဲ့အများအပြားသို့ အားပေးထောက်ပံ့ လှူဒါန်းခြင်း၊ လှူဒါန်းဆဲ စသည်တို့ဖြစ်ပါသည်။

## အထူး မိန့်ကြားဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆရာသမားများအပေါ်၌ ပြုကျင့်ရမည့် တပည့်ဝတ်ကို မချွတ်အောင် ဆောင်ရွက်တော်မူလေ့ရှိပါသည်။ ထင်ရှားသော ဆောင်ရွက်ချက်တခုမှာ—

အသက် ၁၇ နှစ် ၁၈ နှစ်သားအရွယ် ငယ်စဉ်ကာလ သာမဏေဘဝက ဥပဇ္ဈာယ်ဆရာတော်ဦးသောဘိတမှာ လေဖြတ်၍ ကိုယ်တခြမ်းသေနေလေရာ စာမေးပွဲတွေ ဖြေနေစဉ်အကြားမှာ ဆရာတော့်ထံပါး၌ အမြဲခစား၍ ဝတ်ကြီး ဝတ်ငယ်များကို ကျေပွန်စွာ ပြုစုလုပ်ကျွေးခဲ့ပါသည်။ ဆရာတော်ပျံလွန်တော်မူ၍ ဈာပနကိစ္စ ပြီးဆုံးသည်အထိ တရက်တာမျှပင် လစ်ဟင်းဘူးသည်ဟူ၍ မရှိခဲ့ပါ။ ဝေယျာဝစ္စအဝဝတို့ကို မညည်းမညူ ကြည်ဖြူစွာ ရွက်ဆောင်တော်မူခဲ့ပါသည်။

ဆရာတော်သည် "မလုပ်မပြော၊ လုပ်မှပြော၊ သဘောဝင်လုစေ။ အပြောသာချို၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ" ဟူသော ခံယူချက်ဖြင့် မလုပ်လျှင် မပြောတတ်၊ ပြောလျှင်လည်း မလုပ်ပဲ မနေတတ်ပေ။ လုပ်ပြန်လျှင်လည်း ပေါ့ပေါ့တန်တန် မဟုတ်ပဲ

အပြီးအဆုံးရောက်သည်အထိ လေးလေး နက်နက် လုပ်ဆောင်တတ်သော အလေ့ရှိပါသည်။

"ဆဋ္ဌသံဂါယနာ တင်စဉ်အခါ်န်က ဝိနည်းမဟာဝါပါဠိ ဝိသောဓက အကျိုးဆောင်အဖြစ် တာဝန်ယူ လုပ်ဆောင်ခဲ့ရာ ၅၂ဂ မျက်နှာရှိ သုတ်သင်ပြီး ပါဠိတော်ကို (၁) မူကောင်း မူသန့်ရရှိစေရန်၊ (၂) မိမိ၏လက်နှိပ်စက်ကို ဘုရားရှင်၏ စကားတော်အား ပူဇော်ရန်။ (၃) မိမိ၏ ကိုယ်အား လုပ်အား ဉာဏ်အားတို့ဖြင့် ဆဋ္ဌသင်္ဂါယနာဝန်ကို ထမ်းဆောင်ရန် ရည်သန်၍ ဗုဒ္ဓသာသနာအဖွဲ့မှ စက္ကူတရွက်, တံဆိပ်ခေါင်းတလုံးမျှ မတောင်းခံပဲ သန့်ရှင်းစွာ ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှလည်း ထိုစာမူကို စံပြအဖြစ် ရှိသေစွာ ထားရှိကြောင်း သိရပါသည်၊ ၁၉ ရက်နှင့်အပြီး မဟာဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း၊ ၇ ရက်နှင့် အပြီး ပရိဝါပါဠိတော်ကို ထပ်မံ သုတ်သင်ခြင်းတို့၌လည်း ဆရာတော်သည် စာမူကို ဖတ်ရွတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠိ, အဋ္ဌကထာ, ဋီကာ စသည်တို့ကို ရှာဖွေခြင်း၊ အားလုံး သဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင် ရေးသားရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များထံ မိတ္တူများ ဆက်ကပ်ခြင်း စသည်ဖြင့် တာဝန်ကျေအောင် ရွက်ဆောင်တော်မူခဲ့ပါသည်။

ဤမျှသာမဟုတ် ၁၃၁၄ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် တိပိဋက စာပြန်ရန် ရက်ပိုင်းမျှ အလိုတွင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဗိမာန်တော်ကြီး အုတ်မြစ်ချပွဲအတွက် တရား ချီးမြှင့်ရန် ပင့်လျှောက်လာရာ မဟောနိုင်ဟု ပယ်မြစ်ခြင်းမပြုပဲ ကျေနပ်စွာ လက်ခံ၍ "ဤသာသနာ့ဗိမာန်ကြီးအတွက် ဘုန်းကြီးက မှန်အုတ်ကြီး ၄ ချပ် လှူဒါန်းပါမည်"ဟူသော စကားပလ္လင်ခံ၍ ၄ နာရီကျော်မျှ သစ္စာလေးပါး တရားအချက် ဓမ္မစက္ကပဝတ္တန သုတ္တန်ကြီးကို နိဒါန်းနှင့်တကွ ဟောပြတော်မူခဲ့ပါသည်။ "ယခုအခါ မြန်မာပြည်အရပ်ရပ်သို့ ဒေသစာရီ လှည့်လည် ကြွရောက်တော်မူ၍ တရားစည်ကြီးကို ဆော်တီး ရိုက်ခတ် အဆက်မပြတ် ဟောကော်မူလျက်ရှိရာ ဆဋ္ဌသံဂါယနာ တင်ပြီးချိန်မှ စ၍ ယနေ့ထိ အကြိမ်ပေါင်း ၈၂၀၀ ခန့်အထိ ရှိသွားပြီဖြစ်ပါသည်။ ဆရာတော်၏ လုံ့လ ဝီရိယနှင့် သတ္တိကား အားကျ အတုယူဘွယ် ကောင်းလေစွ။

ဆရာတော်၏ လုပ်ရပ်များတွင် သာသနာတော်အတွက် စံပြုထိုက်သော လုပ်ငန်းပေါင်း များစွာ ရှိလေရာ စွန့်လွှတ်ရေးစိတ်ဓါတ်နှင့် စပ်၍ အတုယူ မှတ်သားဘွယ်ကောင်းသော လုပ်ရပ် အနည်းငယ်ကို ဂုဏ်ပြုဖော်ပြလိုပါသည်—

"ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ချက်အရ အတွဲပေါင်း ၆ တွဲ၊ အုပ်ရေပေါင်း ၈ အုပ်၊ စာမျက်နှာပေါင်း ၅၅၁၆ ခန့်ရှိ

နိုင်ငံတော် မဟာဗုဒ္ဓဝင် ကျမ်းကြီးကို အပြီး အဆုံး ကမ္ပတ်ဖုံးအောင် ရေးသား ပြုစုပေးတော်မူခဲ့ရာ၊ မရေးသားမီ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လိုလားချက် ၃ ခုကို ရယူတောင်းခဲ့ပြီးမှ ရေးသားပြုစုတော်မူခဲ့ပါသည်။ ဆရာတော်တောင်းဆိုသော လိုလားချက် ၃ ခုမှာ–

၁။ စေတနာ့ဝန်ထမ်း အဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင်ရင်း၊

၂။ ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့် မပတ်သက်စေလျှင်ရင်း၊

၃။ မိမိတတ်သမျှ စာပေ ကိစ္စတွင်သာ ဦးစီးခွင့်ရလျှင်ရင်း၊

ဤသုံးချက်ကို အဖွဲ့က သဘောတူပါလျှင် လက်ခံပြီးဟူ၍ မှတ်ယူပါ ဟူ၍ ဖြစ်ပါသည်။

ဆရာတော်၏ ပရိယတ္တိ စာပေ သင်ကြား၊ ဆည်းပူးခဲ့ပုံမှာလည်း အထူးပင် စိတ်ဝင်စားဘွယ် ကောင်းလှပါသည်။ စူးရှထက်မြက်သော ဇာတိဉာဏ် သက်သက်ကြောင့်သာ ဤမျှ ပရိယတ္တိ စာပေဘက်၌ ထူးချွန်ခဲ့ခြင်း၊ စာမေးပွဲများ၌ ထူးထူးခြားခြား အောင်မြင်ခဲ့ခြင်း၊ စာပေရေးသားမှု၌ ကျွမ်းကျင်ခြင်း၊ သာသနာ့လုပ်ငန်းရပ်တို့၌ လိမ္မာခြင်းများ မဟုတ်ခဲ့ပါ။ သင်ကြားဆည်းပူးစဉ်က နည်းစနစ် မှန်ကန်စွာ ဆည်းပူး သင်ကြားခဲ့ခြင်းနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းတို့က ပို၍ အဓိကကျသော အကြောင်းများ ဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။

ဆရာတော်သည် အဘိုး ဆရာကြီး ဦးချယ်၏ ဗိစဉ့်ပေးချက်အရ သူငယ်ဘဝ သင်ပုန်းကြီး သင်ဦးစကပင် အရိုးတော်သူ မငွေပေါ်နှင့်အတူ "က,ဘယ့်နှယ်ရေးပါ့မယ်"ဟု တယောက်က မေး၍ "က,ကြီးရေက,"ဟု တယောက်က ဖြေရသည့် အမေး အဖြေ စနစ်မျိုးနှင့် လူနာမည် စသည်ကို ရေးတတ် ဖတ်တတ်သည်အထိ သင်ယူခဲ့ပါသည်။

"ပညာသင်ရာ၌ ဘုရင်လမ်း မရှိ"ဆိုသော စကားအတိုင်း အပေါ်စီးယူ၍ ရေသာခို သင်ယူလိုခြင်း သဘော မရှိ၊ "အာဂုံရှိမှ အာဂလူ ဖြစ်နိုင်သည်"ဟူသော ပညာရှိတို့၏ ဥပဒေသနှင့်အညီ အာဂုံဆောင်ရမည့် ပရိယတ္တိ အခြေခံကျမ်းစာဟူသမျှကို နှုတ်တွင် မိမိရရ ရှိအောင် ကျက်မှတ် ဆောင်ယူခဲ့သည်။ ကျက်မှတ်ရာ၌ တနေ့စာ ကျက်ရမည့် စာကို ဆရာ့ထံ၌ သုံးခေါက် ဖတ်ပြီး စာအံသောအခါ မိမိဉာဏ် နိုင်လောက်ရုံကို ပိုင်း၍ ပိုင်း၍ စာအံသည်၊ တပိုင်း တပိုင်းရမှ နောက်တပိုင်းသို့ တိုးတက် ကျက်မှတ်သည်။ စာကို မရလျှင် နေရာမှ မထတတ်ပဲ ရမှသာ ထတတ်သည်။

စစ်ရေးတိုက်ပွဲဆင်နွှဲရာ၌ လက်နက် ရိက္ခာ ပြည့်စုံလုံလောက်ရန် အထူးလိုအပ်သကဲ့သို့ စာသဘင်ပွဲဆင်နွှဲလိုသူတို့အတွက်လည်း စာသဘင် စစ်တလင်း၌ ကျမ်းစာအုပ်များသည် လက်နက် ရိက္ခာသဖွယ် ပြည့်စုံလုံလောက်စွာ ထားရှိရန် အထူး လိုအပ်လှပါသည်။

ဆရာတော်သည် ၁၄ နှစ်, ၁၅ နှစ်အရွယ် သာမဏေ ငယ် ဘဝကပင် စတင်၍ ဥပဇ္ဈာယ် ဆရာတော် ဦးသောဘိတက ချီးမြှင့်ပေးအပ်တော်မူခဲ့သော သင်ရိုး ပါဠိတော်, အဋ္ဌကထာကျမ်းများ၊ ဦးလေးတော် ဦးဖြူလွင်က ပူဇော် လှူဒါန်းထားသော သင်ရိုး ဋီကာကျမ်း အစုံများနှင့် အဖွားတော် ဒေါ်တုတ်က ပူဇော်လှူဒါန်း ထားသော အနု, မဓု, ယောဇနာ, ဂန္ထန္တရကျမ်းများ အစုံအလင်ရှိနေရာ စာသင်ပွဲများ၌ အောင်မြင်စွာ ဆင်နွှဲနိုင်ရေးအတွက် လက်နက်ရိက္ခာ ပြည့်စုံစွာ ရှိထား သော စစ်ဗိုလ် စစ်သားကောင်း တယောက်ကဲ့သို့ဖြစ်နေ ပါသည်၊ နောင် အနာဂတ် ကာလတွင် တိပိဋကဓရ ထေရ်ကျော် ဖြစ်ပေါ်လာရေးအတွက် အတိတ်ကောင်း နိမိတ်ကောင်းဟုလည်း ဆိုနိုင်ပါသည်။

ဆရာတော်သည် စာအုပ်များကို ခေါင်းရင်းရှိ ဗီရို၌ ထည့်၍ အလှကြည့်နေသည် မဟုတ်ပါ။ စိတ်အား တက်ကြွစွာ မှတ်မိသမျှကြည့်၍ သိသမျှ အချင်းချင်းအား ပြန်ကြားလေ့ ရှိပါသည်။ စာမေးပွဲ ဖြေဆိုရေးအတွက် လေ့လာရာ၌လည်း မေးတတ်သော ပုစ္ဆာဟောင်းများ ကို အကဲဖြတ် ကြည့်ရှုခြင်း၊ ဆိုင်ရာကျမ်းများကို ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်စွက်ခြင်း၊ ပထမငယ်တန်း ဝင်ချိန်မှာ ပထမလတ်ပုစ္ဆာဟောင်းများကို ဖြေဆိုနိုင် သည်အထိ လေ့လာခြင်း၊ ပထမလတ်တန်း ဝင်ချိန်မှာ ပထမကြီး ပုစ္ဆာဟောင်းများကို ဖြေဆိုနိုင်သည် အထိ

လေ့လာခြင်း၊ မိမိစိတ်ကူးဖြင့် ပုစ္ဆာထုတ်ဆင်၍ မိမိစိတ်ကူးဖြင့်ပင် စမ်းသပ် ဖြေဆိုခြင်း နည်းတို့ဖြင့် အတန်းအလိုက် ပြဋ္ဌာန်းထားသော စာများ၌ အဝါးဝအောင် လေ့လာတော်မူပါသည်။ ဤသို့ ထူးခြားစွာ လေ့လာဆည်းပူးခဲ့သည့်အတွက် ဆိုင်ရာစာမေးပွဲတို့၌ ထူးချွန်စွာ အောင်မြင်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဥပဇ္ဈာယ်ဆရာတော် ဦး သောဘိတနှင့် အရှင်ပညာစက္ကတို့၏ စီစဉ်ညွှန်ကြားချက်အရ "ဇိနတ္ထလင်္ကာရဋီကာကြီး၊ ဇာတတ္တကီ၊ သောတတ္တကီ" ကျမ်းများကို ကြည့်၍ နေ့စဉ် ဝတ်ထားပြီး ပြောကြားခဲ့ရခြင်း၊ ဓမ္မပဒနိဿယ (သင်္ဂဟမူ)မှ လာသော အကျဉ်းချုပ် ဝတ္ထုများကို ဥပုသ်နေ့တိုင်း ပါဠိစီကုံးခဲ့ရခြင်းတို့ဖြင့် ပါဠိဉာဏ် ရင့်သန်၍ ပါဠိစာစီစာကုံးများ အချိုးတကျ တတ်မြောက်ခဲ့ရပြီးလျှင် "ဒီ စာအုပ်ကို ကြည့်၍ စာပေ အရေးအသား တတ်မြောက်အောင် လေ့လာရမည်" ဟူသော ဆရာတော်များ၏ မိန့်ကြား ပေးအပ်တော် မူချက်အရ "ပေါရာဏ ဒီပနီကျမ်း" နှင့် "မဃဒေဝလင်္ကာကြီး" များမှ ကဗျာမျိုးစေ့ကို ရယူလျက် စာပေ အရေးအသား တတ်မြောက်ရေး အတွက် ဆရာတော်တို့၏ စာပေးစာယူ ကိစ္စအရပ်ရပ်များကို ဆောင်ရွက်တော်မူခဲ့ရပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တပါး ဖြစ်လာလျှင် သာသနာ့ရေးရာတို့၌ မပြုမနေရ ပြုရသော ကိစ္စများရှိ၏။ ထိုကိစ္စ

၁၉၁၈၁

များတွင် အချို့သည် လက်တွေ့ သင်ပြမှုမရှိလျှင် ကျွမ်းကျင်ပိုင်မှုမှု မရနိုင်သောကြောင့် စာတွေ့တတ်မြောက်ပြီးသူတို့ပင် မိမိကိုယ်ကို မိမိအားသင်သေး၍ အခက်အခဲနှင့် ရင်ဆိုင်ရတတ်ကြသေသည်။

ဆရာတော်ကား ထိုသို့မဟုတ်၊ ဥပဇ္ဈာယ်ဆရာတော်၏ ချီးမြှောက်တော်မူချက်အရ မိမိနှင့်အတူ ထက်ကြပ်မကွာ လိုက်ပါစေ၍ မထေရ်ကြီးများအား ဆည်းကပ်ပုံ "ထေရူပသင်္ကမန" ဝိနည်းအရာ ကံကြီး ကံငယ် ဆောင်ရွက်ပုံ "ကမ္မာကမ္မ" စသော သာသနာ့ရေးရာ အမှုကိစ္စ အဖြာဖြာတို့ကို ကိုယ်တွေ့ မျက်မြင် သင်ကြား ဆည်းပူး တော်မူခဲ့ရပါသည်။

ဤသို့ နည်းစနစ် မှန်ကန်စွာ သင်ကြား ဆည်းပူးခဲ့ရခြင်းနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းတို့ကြောင့် ဆရာတော်သည် ဤမျှ ပရိယတ္တိစာပေဘက်၌ ထူးချွန်ခြင်း၊ စာမေးပွဲများ၌ ထူးခြားစွာ အောင်မြင်ခြင်း၊ စာပေရေးသားမှု၌ ကျွမ်းကျင်ခြင်း၊ သာသနာရေး လုပ်ငန်းရပ်တို့၌ လိမ္မာခြင်းများ ရှိလာခဲ့ပါသည်။

## ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံတော်မူရခြင်း

ဤသို့လျှင် သာသနာ အကျိုးကို သည်ပိုးဆောင်ရွက်တော်မူခဲ့သည့် ပိဋကတ္တယဆေက၊ ဂန္ထဓုရာဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာ ကာမ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ သည် ၁၃၄၀

ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်းသော "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံ ရရှိတော်မူပါသည်။

ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မှ ရရှိသည့် ဆွမ်းဆန်တော် နဝကမ္မကိုပါ တိပိဋက-နိကာယ သာသနာပြု အဖွဲ့ကို ကပ္ပိယ ကာရကအဖြစ် တာဝန်လွှဲ အပ်နှံကာ၊ နိကာယ် ငါးရပ် ပိဋကတ် သာသနာတော်အား ထပ်မံ လှူဒါန်းတော်မူပါသည်။

**ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယည် ဓမ္မာရုံကြီး၌ ၁၃၄၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် ကျင်းပသော တိပိဋကဓရဘွဲ့ ရရှိသည့် ၂၅ နှစ်မြောက် ငွေရတုသဘင် ပူဇော်ပွဲ၌ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူသည့် တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝင်ရောက် ဖြေဆိုတော်မူရပုံ အကြောင်းနှင့်**

## ဩဝါဒကထာ အနုမောဒနာတရားတော်

တိပိဋကဓရ ငွေရတုသဘင် ဆင်ယင်ကျင်းပ ပူဇော်ကြသည့် နာယက လူကြီးမင်းများ အမှူးပြုသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့-

တာဝန်သိသူမှာ တာဝန်ရှိသည်ဟူသော ဆောင်ပုဒ်အတိုင်း တာဝန်သိသူသည် တာဝန် ဆောင်ရွက်ပါသည်။ တာဝန်သိ၍ တာဝန် ဆောင်ရွက်သူမှာ တာဝန်တိုး၍ တက်ပါသည်။ ဤစကားကိုပြောရတာ ရည်ရွယ်ချက်ရှိပါသည်။ နိကာယ် သာသနာတော်ထွန်းကားရေးအသင်းဥက္ကဋ္ဌ ဒါယကာကြီး ဦးဥာဏ်ရှိစဉ်က ဝိနည်းပူဇော်ပွဲကျင်းပတဲ့အခါမှာ နိကာယ်သာသနာတော် ထွန်းကားရေးအဖွဲ့က ဘုန်းကြီးအား အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးရှင် ဆရာတော်နှစ်ပါး၏ ဩဝါဒမိန့်ခွန်းကို ဖတ်ကြား ဖြေရှင်းပေးရမယ့်တာဝန်ကို ချထားပါတယ်။ ဤတာဝန်

ကိုဆောင်ရွက်ရတဲ့အတွက် ဝိနည်းဆောင်သောပုဂ္ဂိုလ်များရဲ့ခံယူချက် မိန့်မြွက်ရန်ဆိုတဲ့ အစီအစဉ်ထဲမှာ ဘုန်းကြီးမပါခဲ့ပါဘူး။

အဲဒီအစီအစဉ်အရ ဝိနည်း အပူဇော်ခံ အရှင်သူမြတ်တွေသည် အပြည့်အစုံ ကိုယ်သဘောကျ ကိုယ့်ဆန္ဒ ရှိတဲ့အတိုင်း အသီးသီးပြောကြတော့ ဘုန်းကြီးသည် ငါလဲ ငါ့ရဲ့ခံယူချက်ကို ပြောဦးမှတော်မှာပဲ၊ အစီအစဉ်ထဲ မပါသော်လဲ ခံယူချက်ကလေးကို ပြောပါရစေဗျားလို့ တောင်းပန်ပြီးတော့ မိမိ၏ခံယူချက်ကိုဆောင်ပုဒ်နဲ့ပြောခဲ့တယ်၊ ဘုန်းကြီးရဲ့ခံယူချက်သည် အရင်းကြီးကြီးနဲ့ အပြတ်အစွန်းနဲနဲလိုချင်တာ ဘုန်းကြီးရဲ့ခံယူချက်ပါဘဲလို့ အဲဒီလိုပြောတယ်၊ ဒီဆောင်ပုဒ်ရဲ့ အဓိပ္ပာယ်က အရင်းကြီးကြီးနဲ့ အမြတ်နဲနဲလိုချင်တယ်ဆိုတာ မိမိရဲ့ဆောင်ရွက်ချက်ကိုဘေးက တဦးတယောက်ကြည့်လျှင် သာ မှာဓိဆုကြီးများပန်ထားသလားလို့ အောက်မေ့ မှတ်ယူဖွယ်ပါပဲ၊ သို့သော် ဘုန်းကြီးရဲ့ သုပန်ချက်သည်-

ဒုတိယေ အတ္တဘာဝမှိ လဒ္ဓါ သာပ္ပညနိဿယံ
ဝမ္မဒရောတိနာမေန သောတာပန္နော မဂ္ဂဘာဝေ။

ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိတို့၏ အမှီကိုရပြီး မမ္မဒရဟူသောအမည်ဖြင့် သောတာပန်နတ်သား ဖြစ်ရပါလို၏လို့ ဆုတောင်းပါတယ်။ ဤဘုရား သာသနာတော်မှာ ပင် ကျွတ်တန်းဝင်ရပါလို၏လို့ ဆုတောင်းပါတယ်။ ဆောင်ပုဒ်နဲ့ပြန်စစ်ပြီးတော့ ပြောရလို့ရှိယင် အရင်းကြီးကြီးနဲ့အမြတ်နဲနဲကို လိုချင်တဲ့ ပုဂ္ဂိုလ်လို မိမိဆောင်ရွက်ချက်က သမ္မောဓိ

ဆုကြီးပန်ပုဂ္ဂိုလ်ကြီးများလို ရှက်ဆောင်ပြီးတော့ လိုချင်တဲ့ဆု ဟာလဲ သာဝကဗောဓိမှ ပကတိသာဝက ဗောဓိဆုလောက်သာ လိုချင်ပါတယ်။ ဒါဟာ ဘုန်းကြီးရဲ့ခံယူချက်ပါပဲလို့ ဝိနည်း ပူဇော်ပွဲမှာ ခံယူချက်အကျဉ်းကို ပြောခဲ့ပါတယ်။

အခုလဲပဲ မိမိအနည်းငယ်ပြောလိုသော အကြောင်းအရာ အချက်အလက်ကို ဆောင်ပုဒ်နဲ့ပြောပါရစေ။ အသီးသီးပြော သွားကြတယ်။ စာဖတ်ပြီးပြောကြရကယ်ဆိုတာ စာလုံးမှားမှာ ကြောက်ရတယ် ဆိုတာရယ်၊ အဲ ပြီးတော့ စာလုံးကြည့်ရတာ ရယ်ဆိုတော့ အာရုံအင်မတန်ပြားပါတယ်။ ဒီတော့ လွတ်လွတ် ကျွတ်ကျွတ် ပြောချင်ပါတယ်။ တာဝန်သိသူမှာတာဝန်ရှိတယ် ဆိုတဲ့အတိုင်း တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ကျင်းပဘို့ ရန် ရဟန်းဒကာကြီးများစီမံတာက စစ်အတွင်းကတဲက ရှိပါ တယ်။ ဘုန်းကြီးအား ရဟန်းဒကာကြီး (ဆာဦးသွင်)က အကြိမ် ကြိမ် ပြောခဲ့ပါတယ်၊ နောက်ဆုံး အင်းမလုပ်အဲမလုပ် အဲဒီလို နေခဲ့ရာက တိပိဋကဓရ စာပြန်ပွဲဖြစ်အောင် ပြည်ထောင်စုရဲ့ ဖွားဘက်တော်အနေနဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်း ပြီးတော့ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ၁၃၁၀ ပြည့် နှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့ကစပြီး ကျင်းပပါတယ်။ ဤ အချိန် ပထမအကြိမ်မှာ ဘုန်းကြီးလက်မှတ်မထိုးခဲ့ပါဘူး။

ရည်ရွယ်ချက်က ဘာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆို ယင် ထိုစဉ်က တိပိဋကဓရစာမေးပွဲရဲ့ဥပဒေဟာ စာပြန်ပုဂ္ဂိုလ် သည် ဝိနည်းငါးကျမ်းကိုအယင်ဆုံးပြန်ရမယ်၊ ဝိနည်းငါးကျမ်း ပြန်ပြီးမှ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း ကြိုက်ရာကို

ပြန်ရမယ်လို့ ဥပဒေစာပိုဒ်ထဲမှာ ရှိပါတယ်။ ဝိနည်းငါးကျမ်း ဆိုတာယနေ့ဆဋ္ဌမူနဲ့ကြည့်လိုက်ယင် စာမျက်နှာနံပါတ် ၂၀၀၀ ကျော် ၂၅၀၀ အတွင်းမှာ ရှိနေတယ်။ ဒီတော့ နှစ်စဉ်နှစ်စဉ် ဒီစာမျက်နှာ ၂၅၀၀ ဆောင်နိုင်တဲ့ စာသင်သား ပေါ်ဘို့ မလွယ်ဘူး။ မိမိကိုယ်တိုင်ကတော့ အဲ ဝိနည်းကို ပြန်ပြီးယင် အဘိဓမ္မာပြန်၊ ပြီးယင် ဒီဃနိကာယ်ပြန်၊ ပြီးယင် တိပိဋကဓရ ဖြစ်မယ် သိတယ်။ သို့သော် ဥပဒေက ပြင်းထန်လွန်းလို့ နောက်ပိုင်းမှာ ဝိနည်းကျက်ဖို့ရန် သံဃာရှားလာတဲ့အတွက် တိပိဋက ဓရစာမေးပွဲကို ရပ်ဆိုင်းလိုက်ရမယ် ဆိုလျှင်....တာဝန် သိပုံကို ဘုန်းကြီးပြော နေတယ်။ တိပိဋကဓရစာမေးပွဲကို ရပ်ဆိုင်းလိုက်ရမယ်ဆိုလျှင် ဒကာဘက်နဲ့ ဆရာဘက်မှာ တို့ဆရာဘက်က ရှုံးတာပဲ။ အဲ ဒကာ ဘက်က နိုင်တာပဲ။ ဒီလိုပဲ မြင်ပါတယ်။ အဲဒါကြောင့် ပထမအကြိမ်မှာ ဘုန်းကြီး စာမေးပွဲ ဝင်ဘို့ လက်မှတ် မထိုးပါဘူး။ ဘာကြောင့်လဲ ကိုယ်က ရှေ့ကသွား၊ နောက်က အဆက်ပြတ်ပြီး နေရစ်၊ ဒကာတွေက အနိုင်ယူပြီးတော့ ဘုန်းကြီးကအရှုံး၊ ဘုန်းကြီးများ ဘက်က ရှုံးမှာဖြစ်လို့ အဲဒီလို လက်မှတ်မထိုးပါဘူး။ သို့သော်လဲပဲ ရဟန်းဒကာကြီး (ဆရာဦးသွင်)ကလဲ မလျှော့သော ဇွဲ–လုံ့လ–ဝီရိယဖြင့် ၁၃၁၀ ပြည့်နှစ် တိပိဋကဓရ စာပြန်ပွဲကို မရောက်ရောက်အောင်ကြွပါ၊ မီးရထားနဲ့ လာမဖြစ်ယင် လေယာဉ်ပျံနဲ့ လာခဲ့ပါဆိုပြီး အပူတပြင်း ရဟန်းဒကာကြီးရဲ့ ဖိတ်ခေါ်ချက်အရ ပထမဆုံးအကြိမ်ကျင်းပတဲ့ တိပိဋကဓရစာမေးပွဲ စာပြန်ပွဲသို့ လာခဲ့ပါတယ်။

ဒီလိုလာတဲ့နေရာမှာ ရည်ရွယ်ချက် ရှိခဲ့ပါတယ်။ (၁) တိပိဋကစာပြန်ပွဲကို လက်မှတ်ထိုးထားတဲ့ သံဃာ ၆ ပါး ရှိပါတယ်။ ထိုအရှင်မြတ် ၆ ပါး ပြန်ဆိုပုံကို ကြည့်ပြီးတော့ သူ့က်လက် လျှင်မြန်ဖျတ်လတ်ခဲ့ပုံ ဆွေးနွေးမယ်။ အရှင်တို့ ဘယ်လိုကျက်သလဲ၊ ကိုယ်သိတဲ့နည်းအပြင် ထိုအရှင်မြတ်တို့ ဒေါ့ထံက နည်းကိုပါ ငါခံယူမယ်။ (၂) ဤတိပိဋကစရေ စာမေးပွဲကို အရည်အချင်း ဘယ်လောက်ရှိမှ ဂုဏ်ထူးနဲ့အောင်မလဲ၊ စာမေးပွဲရဲ့ အရည်အချင်းကို ကောင်းကောင်းကြီးသိအောင် ငါစုံစမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲပါတယ်။ ဤရည်ရွယ်ချက်နှစ်ပါးဖြင့် ဒီမှာ ရောက်လာတယ်။

(၁) ရည်ရွယ်ချက်အရ စာပြန်ပွဲ အရှင်မြတ်တို့ထံမှာ စာကျက်နည်း၊ စာအံနည်းကိုရဘိုကိစ္စမှာ တနည်းအားဖြင့် ပြောရယင်တော့ ရိုးရိုးပဲ ကျက်တယ်လို့ သိရတယ်၊ မမေးတော့ပါဘူး။ ရည်ရွယ်ချက်(၂)အနေနဲ့ ဒီစာပြန်ပွဲရဲ့အရည်အချင်းတွေ ဘယ်လောက်များရှိသလဲလို့ ဆိုတာကိုတော့ အကဲခတ်မိပါပြီ။ တိပိဋကစရေစာပြန်ပွဲ အာဂုံပြန်ပွဲပြီးတော့ သြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားများ၊ ဥက္ကဋ္ဌဆရာတော် (ဘုရားကြီးဆရာတော်)က တာဝန်လွှဲဘယ်၊ မောင်ဝိစိတ္တ-မင်းပုဆ္တက လုပ်ကွာတဲ့။ လက်အုပ်ချီပြီး လျှောက်တယ်....တပည့်တော် မလုပ်ပရစေနဲ့လို့၊ ဘာဖြစ်လို့တုန်းကွာတဲ့၊ တပည့်တော် တိပိဋကစရေရွေးချယ်ရေးအဖွဲ့ ဖွင့်တဲ့နေ့တုန်းက နိုင်ငံတော်သမ္မတကြီး အမှူးပြုသော နိုင်ငံတော် အစိုးရအဖွဲ့ဝင် လူကြီးလူကောင်းတွေရဲ့ တိပိဋကစရေရှာပုံတော် လက်အုပ်ကြေးကို တပည့်တော်ဆပ်ချင်

ပါတယ်၊ တပည့်တော်အဲဒီကြေးကိုဆပ်ဖို့ တာဝန် ရှိပါတယ်၊ ဒါကြောင့် တပည့်တော်သည် ရှေးနှစ်ခါဘဝပင် လက်အုပ်ကြေးကို ဆပ်ဖို့ တပည့်တော်တာဝန်သိလို့ ဒီတာဝန်ကိုတပည့်တော်ခေါင်းပေါ်မှာ တက်နေပါတယ်၊ရှိနေပါတယ်။ တာဝန်သိတဲ့ပုဂ္ဂိုလ်မှာ တာဝန်ရှိ ပါတယ်။ အဲဒါကြောင့် ဆရာတော်ခိုင်းလိုလျှင် ပုစ္ဆကာကလွဲ၍ ဒီပြင် အသွယ်သွယ် ကိစ္စအဝဝ၊ ထွေးခံဆေးပဲ့ကိစ္စအထိ တပည့်တော်ကို ခိုင်းပါလို့၊ တပည့်တော် ဝေယျာဝစ္စကိုလုပ်ပါရစေလို့ ဘုန်းကြီးကလျှောက်တယ်။ ဒါဖြင့်ကွယ်-တဲ့-ပုစ္ဆာထုတ်ဖို့ရန် ပုစ္ဆကပုဂ္ဂိုလ်ကို ဘယ်လိုရွေးရမလဲတဲ့။ အကြံပေးပါတဲ့။ အဲဒီတော့ ဘုန်းကြီးက ဗဟုသုတစကားတခုရှိတယ်၊ ဘာလဲ မင်းသားကြီး မလုပ်ရယင် ပတ်မကြီးဖောက်မယ်ဆိုတဲ့စကာ -ဒါကိုယည့်သွင်းပြီးတော့ လျှောက်တယ်၊ ဆရာတော်ပုစ္ဆက ပုစ္ဆာထုတ်တဲ့ကိစ္စဟာ မင်းသားကြီးမလုပ်ရယင် ပတ်မကြီးကိုဖောက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များကိုဦးစားပေးပြီးတော့ ပုစ္ဆကရွေးပါဆိုတော့ ...ဘုရားကြီး ဆရာတော်ဘုရားက ဟော့ပတ်မကြီးဖောက်မှာကတော့ မင်းဟို့မမှာစရိယတွေပဲကွလို့ အမိန့်ရှိတယ်။ တပည့်တော်ကလဲပဲ တပည့်တော်တို့မမှာစရိယတွေကိုပဲ ရည်စူးပြီး လျှောက်တာပါပဲ ဘုရားလို့ဆိုပြီးတော့ လျှောက်တယ်။

ဒီတော့ ဆရာတော်ဘုရားက မင်း-မမှာစရိယတွေ ပုစ္ဆကထဲပါအောင် တာဝန်ယူမလားတဲ့။ တာဝန်ယူအောင် တပည့်တော် တောင်းပန်လျှောက်ထားပါမယ်လို့ဖြေတော့ ကဲ ဒါဖြင့်မင်း သွားလျှောက်ကွာတဲ့။ တပည့်တော် မမှာစရိယ ဥက္ကဋ္ဌ

ကျေးဇူးရှင် ဗားကရာ့ဆရာတော်ဘုရားကို လျှောက်ပါမယ်။ လျှောက်လိုလက်ခံယင် ဘုရားကြီးဆရာတော်က အခုဆွေးနွေးဘို့ ကြွပါဆိုပြီးတော့ တောက်လျှောက်ပင့်ခဲ့ပါမယ်။ရောက်လာတဲ့အခါမှာ ဆရာတော်ဘုရားကပင့်ခေါ်လို့ ရောက်လာတယ်လို့ အသိအမှတ်ပြုပြီးတော့ ရင်းရင်းနှီးနှီးဆွေးနွေးတော်မူပါဘုရား။ အဲဒီလိုလျှောက်တော့ အေး-ကောင်းပြီ သွားလျှောက်တဲ့။

အသီးတရာ အညွှာတခု ဓမ္မာစရိယဥက္ကဋ္ဌဖြစ်တဲ့ ဗားကရာဆရာတော်ဘုရားဟာ ရင်းလဲရင်းနှီးတယ်၊ မိမိလဲအာဓလးပြုအပ်တဲ့ဆရာတော်ဘုရားလဲဖြစ်တယ်၊ မိမိအပေါ်မှာလဲပဲ အင်မတန်မေတ္တာကရုဏာပြည့်တယ်၊ မစိုးရိမ် ဆရာတော်ဘုရားရဲ့ တပည့်ရင်းလဲဖြစ်တယ်။ ဒီတော့ ရောက်သွားတဲ့အခါ ဆရာတော်က မေးတယ်။ "ဦးဝိစိတ္တ မင်း ဘာလာလုပ်တာလဲ" တဲ့။ ဆရာတော် မောင်မောင်ခေါ်တုန်းကိုဗျာထူးပါ။အောင်ကျော်ခေါ်မှဗျာမထူးပရစေနဲ့ဘုရား"။ "ဘာပြုလို့တုန်းကွတဲ့" တိပိဋကရေွးချယ်ရေးအဖွဲ့က ဓမ္မာစရိယ အရှင်မြတ်များကို ပုစ္ဆာကပြုလုပ်တော်မူပါလို့ အခု မောင်မောင်ခေါ်နေတယ်။အဲဒီခေါ်တဲ့အခါမှာ ဗျာလို့ တပည့်တော်တို့ဓမ္မာစရိယတွေက ထူးတော်မူပါ၊ ဓမ္မာစရိယက မင်းတို့အထဲမပါဘူးလို့ လျစ်လျူရှုလိုက်လို့ရှိယင် တပည့်တော်တို့ ဓမ္မာစရိယတွေသည် နိုင်ငံတော် အစိုးရက ကြီးမှူးကျင်းပတဲ့ တိပိဋကဓရစာမေးပွဲပြင်မှာက် ရောက်ပြီးတော့ အောင်ကျော်တွေ ဖြစ်ကုန်လိမ့်မယ်ဘုရား။ ဒါကြောင့် မောင်မောင်ခေါ်တုန်းမှာ တပည့်တော်တို့ကလက်ခံပြီး ဗျာလို့ထူးတော်မူပါ" လို့ ဆိုတော့ ဆရာတော်က တခွန်းထဲနဲ့သဘော

ကျတယ်။ ''ကဲ—သဘောတူပြီကွာတဲ့''။ ဒါဖြင့် ဘုရားကြီးဆရာတော်က ပင့်ပါတယ်ဆိုပြီးတော့ ရောက်တဲ့အခါမှာ ဆွေးနွေးကြတယ်။ ဘုရားကြီးဆရာတော်က ပုစ္ဆာကကို ဘယ်လိုစီစဉ်မလဲ မေးတော့ ဆရာတော် ပုစ္ဆာတစ်ရွက်မှာ ၁၂ ပုဒ်စာရှိတယ်။ ရှေ့ ၆ ပုဒ်စာ၊ နောက် ၆ ပုဒ်စာ၊ ဘွဲ့ရဓမ္မာစရိယနဲ့ သီးခြား ဓမ္မာစရိယနှစ်ပါးနဲ့ မဲချပြီးတော့ ရှေ့ပိုင်း ၆ ပုဒ်စာ၊ နောက်ပိုင်း ၆ ပုဒ်စာအသီးသီးမေးတာပေါ့။ ဝေယျာဝစ္စကို တပည့်တော် ထွေးခံဆေးသည်အထိ အကုန် လုပ်ပါမယ်ဘုရားလို့ လျှောက်တယ်။

အေး-ဒါဖြင့် မင်း အဲဒီပုစ္ဆာကတွေ မင်းပင့်ကွာတဲ့။ ဘုန်းကြီးကလဲ အဲဒီပုစ္ဆာကတွေပင့်တဲ့အလုပ်ကိုပဲ လုပ်ချင်တယ်။ လုပ်ချင်တဲ့အတိုင်းပဲ ဘုရားကြီးဆရာတော်က မူလဓမ္မာစရိယ ဘယ်ဆရာတော်၊ ဘယ်ဆရာတော် စာရင်းရေးလိုက်တယ်။ ပြီးတော့ ဓမ္မာစရိယအဖွဲ့ဥက္ကဋ္ဌ ဗားကရာဆရာတော်ဘုရားကြီးထံကို သွားတယ်။ သီးခြားဓမ္မာစရိယအတွက် ဆရာတော်နဲ့ လျှိုဝှက်စွာ လျှောက်ထားပြီးတော့ ရွေးချယ်ထားတယ်။ ပြီးတော့ ဓမ္မာစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကိုယ်တိုင်ကြပ်မတ်၍ သီးခြားဓမ္မာစရိယနှစ်ပါး၊ မူလဓမ္မာစရိယနှစ်ပါး အားလုံးလေးပါးတို့ဖြင့် ဝိနည်းပိဋကတ်မှ ဝိနည်းပါးကျမ်းပုစ္ဆာကို ဆင်မြန်းပြီး ထုတ်စေပါတယ်။ အဲဒီမှာ ဘုန်းကြီးသည် ဝေယျာဝစ္စကပ္ပိယကာရက၊ ပုစ္ဆာကဆရာတော်များက ဦးဂိစိတ္တကြီး ဘယ်စာအုပ်ကို လိုချင်တယ်ဆိုယင် လျှိုဝှက်သော နေရာမှနေ၍ ဘုရားကြီးတိုက်ကို ပြေးပြီးတော့ လိုအပ်တဲ့စာအုပ်ကို ဦးဝါယမိန်တို့နဲ့တိုင်ပင်ပြီး

ချက်ချင်းယူပြီးကပ်။ အင်မတန် ပျော်စရာ ကောင်းပါတယ်။ ဆရာတော်ဘုရားတွေ ပုစ္ဆာထုတ်တာကို အစအဆုံး ကြည့်တဲ့အခါ ပုစ္ဆာထုတ်တဲ့နေရာမှာ ဟာ....ဒီနှစ်တော့ အစပိုင်းပဲ မေးမယ်၊ အလယ်ပိုင်းပဲ မေးမယ်၊ အဆုံးပိုင်းကို မေးမယ်၊ အဲဒီလိုမဟုတ်ဘူး။ ရှေ့ပိုင်း နောက်ပိုင်း ကျမ်းကြီး ကျမ်းခိုင် နှစ်ပိုင်းခွဲပြီး ခြောက်ပုဒ်စာ၊ သုံးပုဒ်စာလောက်ကို၊ အဲ့ ရှေ့ပိုင်းက တာဝန်ကျတဲ့ဆရာတော်တွေက အစပိုင်းက၊ အလယ်ပိုင်းက၊ ကျန်တဲ့ သုံးပုဒ်စာကို အဲဒီရှေ့ပိုင်းတဝက်မှာ ကံဆိုး ကံကောင်းဆိုပြီး မဲချတယ်။ မဲချပုံက စာအုပ်ကို ဒီလိုပိတ်ပြီး လှပ်ပြီးတော့ အဲ့ဒီ ကျတဲ့စာမျက်နှာကို မေးပါတယ်။ အဲဒီလိုပဲ နောက်ပိုင်းက ဆရာတော်တွေ သူတို့ရဲ့ဝေယျာဝစ္စကို ခွဲတံချန်ပေးသည်ကစပြီးတော့ အကုန်လုံး ဖြည့်လိုက်ပါတယ်။ အေး—ပါဠိတော် အဋ္ဌကထာ ဋီကာအကုန်စုံအောင်မေးတယ်ဆိုတဲ့ စာမေးပွဲရဲ့ အရည်အချင်းကို သိရတယ်။

အားလုံး ကိစ္စပြီးတဲ့အခါမှာ ရဟန်းဒကာကြီးနဲ့ရဟန်းအမကြီးတို့ဟာ ဘုန်းကြီး တည်းခိုတဲ့ အောင်မြေသုခကျောင်းကို ရောက်လာတယ်။ ဒကာကြီး ဒီနှစ်တော့ ဒကာကြီး မျက်နှာညိုအုံးတော့ဗျားလို့....ဝမ်းနည်းစရာ ကောင်းတာကို ပြောတယ်။ ဂေဇက်ကြေငြာတဲ့နေ့မှာ သူညကြေငြာရတယ်။ ရဟန်းဒကာကြီးက သူ့လုံ့လဝီရိယအားထုတ်မှုဟာ အကျိုးမပြီးအချည်းနှီးဖြစ်သွားတာမို့ တခါတည်း ညိုးကျ သွားတယ်။ အဲဒါကို အလယ်တောရဆရာတော်ဦးသူရိယက လက်တို့ပြီးတော့ ဆရာ

3 တော်၊ဆရာတော့် ရဟန်းတကာကြီးကြည့်စမ်းကဲ့၊အင်းပြတယ်၊

အဲဒါ မြင်ကတဲက ဘာပဲပြောပြော ငါ ပည် တိပိဋကဓရအဖြစ် တော့ တက်မှုဖြစ်မယ်။ နိုင်ငံတော်သမ္မတကြီးနဲ့တကွနိုင်ငံတော် အစိုးရအမှူးပြုသော ဗုဒ္ဓဘာသာ သူတော်စင်တို့၏ တိပိဋကဓရ ရှာပုံတော်လက်အုပ်ကို အေး—ကြွေးတင်နေတဲ့လက်အုပ်ကို ဆပ် မယ်ဆိုပြီးတော့ ကြိုးစားဘို့၊တိပိဋကဓရ စာမေးပွဲဝင်ဘို့ ဆုံး ဖြတ်လိုက်တယ်။ ရဟန်းဒကာကြီးကိုလဲ ကျုပ် ဘာပဲဖြစ်ဖြစ် တိပိဋကဓရဖြစ်အောင် ကြိုးစားပါ့မယ်လို့ ပြောလိုက်တယ်။ အဲဒီမှာ မိမိရဲ့ကာယဗလ ဉာဏဗလကို နှိုင်းယှဉ်ကြည့်တယ်။ ကာယဗလ လက်မောင်းတန်းကြည့်လိုက်တော့ တဆုပ်ပဲရှိတယ်။ တိပိဋကဓရစာမေးပွဲကျက်ရမှာက အများကြီး၊ အင်း—တနေ့ ကို နှုတ်မဆိတ်စာပြန်ရတာက လေးနာရီရှိတယ်၊ နားတဲ့ အချိန် တွေကို နုတ်လိုက်၊ အဲဒီတော့ မင်းလက်မောင်းတဆုပ်နဲ့ တိပိ ဋကဓရစာပြန်ပွဲအောင်မြင်နိုင်ပါ့မလား၊လို့ ကိုယ့်ကိုယ်ကိုယ်မေး တယ်။

တိပိဋကဓရ စာပြန်ပွဲအလုပ်သည် ကာယဗလနဲ့ ဉာဏဗလ နှစ်ပါးမှာ ဉာဏဗလအလုပ် ဖြစ်ပါတယ်၊ ကာယဗလအလုပ် မဟုတ်ပါဘူး။ အေး-ဆန်အိတ်ထမ်းတဲ့အလုပ်မဟုတ်ဘူး၊ကာယ ဗလအားကိုးရမယ့်အလုပ်မဟုတ်ဘူး။မင့်မှာသဒ္ဓါဗိုလ်၊ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဗိုလ်ငါးပါး အပြည့်အဝရှိ တယ်၊အဲဒီတော့ ဗိုလ်ငါးပါး၊ အားကြီးငါးရပ်အပြည့်အဝရှိနေ တဲ့ ပုဂ္ဂိုလ် ဘာကြောက်စရာရှိသလဲ၊ ဝင်သာဝင် ဆိုပြီးတော့ ဟောဒီ ဗိုလ်ကြီးငါးပါး အားကြီးငါးခုကို အားကိုးပြီးတော့ တိပိဋကဓရစာပြန်ပွဲဝင်ဘို့လို့ ၁၃၁၁ ခုနှစ်ကဆုန်လပြည့်ကျော်

၁ ရက်နေ့ကစပြီးတော့ ဝိနည်းကိုကျက်ခဲ့တယ်။ ထို ၁၁ ခုနှစ်မှာ မဝင်ဖြစ်ပါဘူး။ ဘာဖြစ်လို့မဝင်ဖြစ်သလဲဆိုတော့ စာမေးပွဲဖြေရမယ့်အချိန်မှာ စာသည် ဂရိဝါ ပါဠိတော်မှာ လေးပုံတပုံလောက် လိုသေးတယ်။ လိုတာသိလျက်နဲ့ သွားဝင်ယင် စာမေးပွဲ ကျမှာစိုးရိမ်လို့ပဲ။

ဘုန်းကြီးက ဖြိုဘီသျှခေတ်မှာ အစိုးရပထမကျော်၊ အစိုးရဓမ္မာစရိယ၊ သကျသီဟမှာ ဓမ္မာစရိယဝဋ္ဋ သကာ ဆိုတဲ့ ထိပ်ဖျားကဂုဏ်တွေယူထားပြီးတော့ တိပိဋကဓရစာမေးပွဲမှာ ဘိုးကနဲ့ ထိပ်ဖျားက လိမ့်အကျမခံနိုင်ဘူး။ ဒါကြောင့် ပထမနှစ် မဝင်ပါဘူး။ ဒုတိယနှစ်ကစပြီးဝင်ခဲ့တယ်။ ဝင်တဲ့နှစ်မှာ လဲပဲ ဝိုင်အမ်ဘီအေက ဘုန်းကြီးတို့ ဒကာကြီး ဒကာရင်း ဦးထိန်ဝင်းက ပြောရှာတယ်။ ဆရာတော်- ဆရာတော့် ခန္ဓာကိုယ်က သေးပါတယ်၊ အေး— ဒါကြောင့်မို့လို့ သူကတောင်းပန်တယ်။ ဆရာတော်တို့လိုပုဂ္ဂိုလ်စားများဟာ အသက်ရှည်သင့်တယ်ဆိုပြီးတော့ သပြေကန် ဆရာဘော်ကို သူကသက်သေထားပြီးတော့ ပြောတယ်။ တိပိဋကဓရ မဝင်ဘို့ရာ ပြောတယ်၊ ပြောတဲ့အခါမှာ အောင်မြေသုခကျောင်းမှာ ပြောတယ်။ ဒီတော့ဘုန်းကြီးက ပြောတယ်။ ဒကာကြီး ဦးထိန်ဝင်း စိတ်တော့မဆိုးနဲ့နော်။ လုပ်ငန်းတခုဟာအောင်မြင်အောင်နှလုံးသွင်းတဲ့အထိရှိတယ်၊ အဲ–အောင်မြင်အောင် နှလုံးသွင်းတဲ့နည်းမှာ အခု ဒီ တိပိဋကဓရစာမေးပွဲ ကျင်းပတယ်ဆိုတာ ဒကာတွေနဲ့ ဆရာပြိုင်တာမဟုတ်ဘူး။ သို့သော် နှလုံးသွင်းက ဒီလိုလာရမယ်၊ အရှင်ဘုရားတို့ဘက်က ဒီ တိပိဋကဓရကိုယ်တော် ဖော်ပေးနိုင်

ယင် ပေးပါ။ ပေးယင် တပည့်တော်တို့ ဒကာတွေဘက်က ထိုက်တန်တဲ့အပူဇော်ကို ပူဇော်မယ်။ အဲဒီလို ဆရာနဲ့ ဒကာ ပြိုင်ရတာ။ တိပိဋကဓရကိုယ်တော် တပါးမှ ကျုပ်တို့သာသနာ တော်က ထုတ်မပေးနိုင်ယင် ကျုပ်တို့ကရှုံးတာလို့၊ အင်း— ဒကာကြီးတို့က နိုင်တာလို့။ ပြီးတော့ ဒီမှာက သာသနာ့ သူရဲ ကောင်းစိတ် မွေးတဲ့ဘုန်းကြီးမို့ အခုလို စိတ်ဓာတ်ကျအောင် လာပြီး ပြောတဲ့နေရာမှာ ဒကာနဲ့ဆရာ ခုမ္မာနုဂ္ဂဟ၊ ပစ္စယာ နုဂ္ဂဟတိုက်ပွဲ ပြိုင်နဲ့တဲ့ပွဲမှာ ဒကာကြီးက အခုလိုပြောတာဟာလို့ တဖက်ကို စိတ်ဓာတ်ကျအောင် လာပြီးတော့ ပြောတာနဲ့ တူနေတယ်လို့၊ နောက်မပြောပါနဲ့ဒကာကြီးလို့။

အဲဒီလိုပဲ ဘောင်းပန်ပြောဆိုပြီး ကြိုးစားလို့ သာသနာ တော်ရဲ့ တန်ခိုးအရ ဆဋ္ဌသံဂါယနာပွဲအမီ တိပိဋကဓရ စာ မေးပွဲကို အောင်မြင်ခဲ့ရပါတယ်။ ဆိုကြပါစို့။ အဲဒီတိပိဋကဓရ ဖြစ်ပြီးတဲ့နောက် ဘုန်းကြီးများ စာပေးပွဲရဲ့ အခြေအနေကို သုံးသပ်တယ်။ (၁) ပထမငယ်၊ အကြွင်စာသင်သားတဦးသည် ဒီနှစ် ပထမငယ် စာမေးပွဲဝင်ပြီးပြီ။ နောက်နှစ် ပထမငယ် အောင်ယင် ဆက်ပြီးတော့ကြိုးစား၊ ဒုတိယနှစ် ပထမလတ် အောင်နိုင်တယ်။ ပထမလတ်အောင်ပြီးသော စာသင်သားသည် ဒုတိယနှစ် ပထမလတ်အတွက် ယမိုက်ငါးကျမ်း ဆိုနေတုန်း နေ့ဝါဖြစ်တဲ့ အဘိဓာန်၊ အလင်္ကာ၊ ဆန်းကို ကျက်ထားယင် ပထမလတ်အောင်ပြီးတဲ့အခါမှာ ပထမကြီးကို တနှစ်နဲ့ဝင်နိုင် တယ်။ ပထမကြီးအောင်ပြီးသော စာသင်သားသည် ဓမ္မာစရိယ ကို ဝင်လိုက်လို့ရှိယင် တကျမ်း နှစ်ကျမ်း စသည် စွဲနိုင်တယ်။

ကံကောင်းယင် ကျမ်းအပြည့်စုံနိုင်တယ်။ အေး- ဓမ္မာစရိယ ပြီးတဲ့ နောက် တိပိဋကဓရ စာမေးပွဲဆိုတော့ ဓမ္မာစရိယ အောင်ပြီးသော စာသင်သားကြီးများသည် တိပိဋကဓရစာမေး ပွဲကို ဝင်ဘို့ရာ အထက်မှာ ရှိလေရဲ့။ အဲဒီရှိနေတဲ့ တိပိဋကဓရ စာမေးပွဲဝင်ဘို့ရာကလဲပဲ တိပိဋကဓရ ပထမစည်းမျဉ်းသည် ပထမဆုံးနှစ် ဝိနည်းငါးကျမ်းကို ပြန်ရမယ်။ မပြန်ယင် မဝင်ရ။ စည်းမျဉ်းကသိပ်ကျပ်ပါတယ်။ အဲဒီစည်းမျဉ်းဟာ မသိမသာ ကလေး နောက်ပိုင်းမှာ ပျောက်သွားလို့ ဒီဃနိကာယ်သုတ် သုံးကျမ်းကစပြီးတော့ ဝင်ခွင့်ရတယ်။အကယ်၍သာ ဝိနည်း ကစပြန်ရမယ်ဆိုတဲ့စည်းမျဉ်း မသိမသာမပျောက်လို့ရှိယင် ဒီ တိပိဋကဓရ စာမေးပွဲဝင်မယ့် ပုဂ္ဂိုလ်အဆက်ပြတ်သွားနိုင်ပါ တယ်။

အေး- ဘုန်းကြီးတို့ အခုပြောခဲ့တဲ့စကားကို ဒကာများ အနေနဲ့တော့ နားမလည်နိုင်ပါဘူး။ သီတင်းသုံးဖော် သံဃာ တော်များ အနေနဲ့တော့ ကောင်းကောင်း နားလည်ပါတယ်။ တိပိဋကဓရမှာ အခုဟာက ဒီဃနိကာယ်ကစပြီးတော့ ဝင်နိုင် လို့ အဆက်မပြတ် စာဖြေကိုယ်တော်တွေ ပေါ်ပေါက်နေလို့ သာသနာတော်ဟာ မျက်နှာမငယ်ရပါဘူး။ ဒကာ ဒကာမ ဘက်ကလဲပဲ ပစ္စယာနုဂ္ဂဟအတွက် မျက်နှာမငယ်ရဘူး။ ဆရာ ဒကာ ဒီလိုသွားနေကြတဲ့ အထဲမှာ မွှာစရိယက နေပြီး တိပိဋကဓရကို ဆက်ပြီးသွားနိုင်ဘို့မလွယ်ဘူး။ ဒီကြားထဲမှာ တံတားတခုပေါ်လာယင် ကောင်းမယ်လို့ စိတ်ထဲမှာ ဖြစ်မိ တယ်။ အဲဒီသို့ ဆန္ဒရှိတဲ့အတိုင်း ကျေးဇူးရှင်မစိုးရိမ် ဆရာ

တော် ဘုရားကြီးအား ဆရာတော် တံတား စာမေးပွဲတခု ဆရာတော် လုပ်ယင်ဖြစ်ပါမယ်၊ နိကာယ်စာမေးပွဲ၊ တကျမ်း- တကျမ်း-တကျမ်း နှစ်ကျမ်းစသည် ဖြေနိုင်တဲ့ စာမေးပွဲ လုပ် ပေးပါဘုရားဆိုတော့ ကျေးဇူးရှင်မစိုးရိမ်ဆရာတော်က အေး- ဟုတ်တယ်၊ ပါဠိတော်ရောက်မှ စာသင်သားသည် တရားနဲ့ ကောင်းကောင်းတွေ့ရတယ်ကွတဲ့ ဆိုပြီးတော့ မစိုးရိမ်ဆရာတော် သည် မန္တလေးမြို့ရှိပရိယတ္တိသာသနဟိတ အသင်းအားတာဝန် လွှဲအပ်ပြီးတော့ နိကာယ် စာမေးပွဲ ပြုလုပ်ပေးခဲ့ ပါတယ်။ မန္တလေးမြို့မှာ နိကာယ်စာမေးပွဲပြုလုပ်လို့ အသား ကျပြီးတဲ့ အခါမှာ ရန်ကုန်သို့ဆင်းလာပြီး ရန်ကုန်မြို့မှာ နိကာယ်သာ သနာတော် ထွန်းကားရေးအသင်း ဖွဲ့ပေးတယ်။ နိကာယ် စာမေးပွဲလို့ ကျင်းပပေးပါတယ်၊ ဒါဟာ မစိုးရိမ်ဆရာတော် ဘုရားကြီးအား ဘုန်းကြီးများ တောင်းပန်ချက် ပါပါတယ်။ တံတားစာမေးပွဲပေါ့။ ဓမ္မာစရိယမှ တိုပိဋကရေကိုလျှောက်တဲ့ တံတားစာမေးပွဲဟာ နိကာယ်စာမေးပွဲပါပဲ။ အေး- ဒီဃ နိကာယ်ပထမအုပ် တနှစ်ကျက်လျှင်ရ၏။ ဒုတိယအုပ် တနှစ် ကျက်လျှင်ရ၏၊ တတိယအုပ် တနှစ်ကျက်လျှင် ရ၏၊ သုံးနှစ် ကျက်လို့ ဒီဃနိကာယ်သုံးကျမ်း ရတယ်ဆိုတဲ့ ဒီဃဘာဏက စာသင်သားဟာ တိပိဋကရေစာမေးပွဲမှာ ဒီဃဘာဏကတန်းကို တန်းပြီးတော့ ဝင်လိုက်ရုံပဲ၊

အဲဒီလို ဆရာတပည့်တိုင်ပင်ပြီးတော့ နိကာယ်စာမေးပွဲကို ရွက်ဆောင်ခြင်း၊ လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဆုံကြပါစို့။ ဤနည်းအရ သာသနာမှာ ဆရာနဲ့ဒကာ တခါထဲ ပထမငယ်၊

ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ၊ နိကာယ၊ တိပိဋကဓရ အထိ ဒီလို အဆင့်ဆင့် ဆင့်ကဲဆင့်ကဲသွားလျှင် ရပြီ။ တာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိတယ်ဆိုတာ အဲဒီလိုတာဝန်သိတော့ တာဝန် ရှိတယ်။ ဒါဟာ တာဝန်ဆောင်ရွက်လျှင် ဆောင်ရွက်ယင်း သိတဲ့အတွက် တာဝန်ဟာတက်လာတယ်။ နိကာယ်ဆိုတဲ့စာက တာကယ်မကျက်ယင် ဘယ်လိုနည်းနဲ့မှ ဝင်လို့မဖြစ်ဘူး။ အင်း- မရပ်နဲ့သာဆိုယင် ဟောဒီ တိပိဋကဓရ စာမေးပွဲဟာ သာပြီး ကြောက်စရာကောင်းပါတယ်။ ပလ္လင်ပေါ်က ထီးဖြူတော်ကြီး အောက်မှာ ငုတ်တုတ်အရှက်ကွဲရမယ်။ အဲဒီတော့ ညီတော် သာ သနာ့အာဇာနည် အလောင်းအလျာလေးတွေဟာ စာကျက်ဘို့ အရေးကြီးတယ်။ နိကာယ်စာမေးပွဲအောင်လာတယ်၊ တိပိဋကဓရ စာမေးပွဲအောင်လာတယ်ဆိုယင်တော့ ဒကာဒကာမများကရော၊ အေး— နိုင်ငံတော်အစိုးရကပါ အားလုံးက ချီးမြှောက် ပါ တယ်၊ ပူဇော်ပွဲကိုး။ ဒါက တရက်ဆိုတော့ တရက်အလုပ်ပျက် ခံနိုင်တယ်။

သို့သော် အဲဒီကိုယ်တော်လေးတွေ နေ့စဉ်နေ့စဉ် စာကျက် ချိန်ပိုရအောင် ချီးမြှောက်ဘို့ကျတော့ နေ့စဉ် တာဝန်ယူဘို့ မလွယ်တဲ့အတွက် တာဝန်ယူမယ့်အသင်းအဖွဲ့ မရှိခဲ့ပါဘူး။ ဘာပဲ ပြောပြော ပထမငယ်မှ ပထမလတ်သို့၊ ပထမလတ်မှပထမကြီးသို့၊ ပထမကြီးမှ ဓမ္မာစရိယသို့ တက်၍ ဓမ္မာစရိယမှ နိကာယ် တိပိဋကဓရသို့အထိ ချီတက်တဲ့ သာသနာ့အာဇာနည် သိန္ဓော မြင်း အလျာဖြစ်ကြတဲ့ အရှင်မြတ်တွေဆွမ်းကိစ္စ၊ နေရာကိစ္စ အားလုံး သပ္ပါယအကုန်မျှပြီးတော့ နိကာယဘာဏက ဖြစ်

နိုင်အောင်၊ ဝိနယမရေ၊အာဘိဓမ္မိက၊ ဒီဃဘာဏကဖြစ်နိုင်အောင် တနေ့တနေ့ စာကျက်ချိန် သုံးနာရီရအောင် ငါတို့ ဆောင်ရွက်ပေးရမယ်။ ငါတို့ရဲ့ ကိုယ်တော်ကလေးတွေကို တိပိဋက နိကာယ အလျာကလေးတွေ၊ တိပိဋကဓရဖြစ်ဖို့ အင်မတန်နိုးကပ်တယ်။ နိကာယဘာဏကဖြစ်ဖို့ အင်မတန် သေချာတယ် ဆိုပြီးတော့ မိမိအား နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းတဲ့ ဆွမ်းဆန်တော်ရတာကို တိပိဋကနိကာယသာသနာတော်အား တိပိဋကနိကာယ်ငါးတန် ပိဋကသာသနာတော်အား ၂၅ နှစ် မြောက် ရောက်သောနေ့တွင် အေး–မင်းကွန်းမှာရှိတဲ့ မိုးမိတ်စေတီတော်မြတ် ဂေါပကအဖွဲ့ တိပိဋကနိကာယသာသနာပြုအဖွဲ့ခွဲတခုဖွဲ့ပြီးတော့ ဒကာကြီးတို့က တိပိဋက စာသင်သား၊ နိကာယ်စာသင်သားလေးများ ဆွမ်းမခံရပဲနဲ့ ဝိဓေဝဂအရင်ကို ကောင်းကောင်းရပြီးတော့ စာများများကျက်နိုင်အောင် ကပ္ပိယ ကာရကအဖြစ်ဖြင့် ဒကာကြီးတို့က တာဝန်ယူပါ ဆိုပြီးတော့ လှူခဲ့ပါတယ်။ ဒါတာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိတယ်၊ တာဝန်ရှိလို့ တာဝန်ဆောင်ရွက်ယင် ဆောင်ရွက်ယင်း သိတဲ့ ပုဂ္ဂိုလ်ဟာ တာဝန်တက်တယ်။ မသိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာမှတာဝန်မရှိဘူး။ ဒီကိုယ်တော်ကလေးတွေ စာအံရတယ် အင်း– ကိုယ်တော်ကလေးတွေ စာအံရမယ်၊ စာကျက်ရမယ်၊ ဆွမ်းကျွေးမယ်ဘုရား၊ နေရာကောင်းကောင်းပေးမယ်ဘုရားလို့ ဒါမပြီးသေးဘူး။ စာက အလွန်ရင့်ပူအောင် အံကြရတာ၊ ပြီးတော့ ကိုယ်တော်ကလေးတွေ အဖျော်ယမကာ လိုမယ်။ စာပြန်ပြီးတဲ့အခါမှာ လေထနေလို့ မကျိန်းနိုင်ဘူးဖြစ်မယ်။

အေး—လေငြိမ်အောင် စတုမဓူဆေးလိုအပ်တယ်၊ ကြေငြာတာကတော့ ဘုန်းကြီးများ ဆွမ်းနဲ့နေရာကျောင်းပဲ တာဝန်ယူ ကြေငြာပါတယ်။ သို့သော် ထိုအရှင်မြတ်တွေသည် သာသနာမှာ အာဇာနည်အလောင်းတွေ၊ အာဇာနည်မြင်းကောင်းသိန္ဓောအလျာတွေ၊ သိန္ဓောအလျာတွေကို သိန္ဓောရဲ့အဆောင်အယောင်ပေးပြီး မွေးမြူယင် သိန္ဓောအလုပ် အောင်အောင်မြင်မြင်လုပ်မယ်ဆိုတာကို မမှတ်မသုန် ယုံကြည်တဲ့ အတွက်ကြေငြာတာဟာ ဆွမ်းနဲ့ကျောင်း ဖြစ်သော်လည်းပဲ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အကုန်လုံးအရှင်မြတ်တွေ လိုအပ်သလိုပြုစုမယ်၊ ဘာပဲပြောပြော တို့လျှော့သုံးမယ်ပေါ့။ အဲသလို ဆုံးဖြတ်ပြီးတော့ ဆန္ဒ၊ ဝီရိယ၊ စာရိတ္တ၊ ပညာ၊ အဓိပတိ လေးပါး ဦးထားပြီးတော့ ရွက်ဆောင်တဲ့ အတွက်ခုနက စာရွက်ဖြတ်တာက ကဆုန်လဆန်း ၇ရက်နေ့က၊ ၈ပါးဟာ အဲ—ကဆုန်လဆန်း ၇ရက်နေ့ကစပြီးတော့ အာဇာနည်သိန္ဓောမြင် ကလေး ၈ စီးပေါ့။ မင်းကွန်း တောင်ရိုးမှာရှိတဲ့ မိုးမိတ်စေတီတော်မြတ်ဘုရားများရဲ့ကုန်းမှာ တိပိဋကနိကာယကျောင်းတိုက်ရောက်၍ တိပိဋကနိကာယကို နေ့ညမစဲ စာအံ၊ စာပြန်၊ စာအံပွဲ၊ စာပြန်ပွဲ၊ စာကျက်ပွဲ ဆင်နွှဲနေလို့ နိကာယ်ငါးတန် သာသနာရောင်ဝါ နေသို့လင်းခဲ့ပြီဆိုသော ကြေငြာချက်ဖြင့် ဒကာဒကာမများကို အားတက်စေခဲ့ပါတယ်။

ဘုန်းကြီး မနေ့ကရောက်တယ်၊ ဒီပြင် ဘာမှမပြောနိုင်ဘူး၊ တိုက်အုပ်ဘုန်းကြီးကို ဦးပဥ္စင်း-တပည့်တော်တို့ အဲဒီကို စာသင်သား ဘယ်နှစ်ပါးရောက်သလဲ။ ၁၆ပါးရှိတယ်၊ ဒီ ရန်ကုန်က

ဆရာကြီးဦးသာလှက ပြောတယ် ၂ပါး၊ တပည့်တော် လက်မှတ်ထိုးလွှတ်လိုက်တယ်ဆိုတော့ အခု အကုန်လုံး တိုက်ကြပ်ဆရာတော် များ နဲ့ ပြန် စီမံ ခဲ့တယ်။ ၁၀ပါး ရှိတယ်ဆိုကြပါစို့။ ၈ ပါးမကဘူး။ ၁၀ ပါးဆိုတဲ့ သာသနာ့ အာဇာနည်တွေကို သာသနာတော်မှာ သိန္ဓောမြင်းကလေးတွေ၊ သိန္ဓောရဲ့ အဆောင်အယောင် ပေးပြီးတော့ ဘုန်းကြီးများ သိန္ဓောမှန်းသိပြီးတော့ မွေးမြူတိုစိတ်ဟာ အမြဲ အမြဲပေတိနဲ့ သန့်နေပါတယ်။ သန့်တဲ့အဘိုင်းလဲပဲ ဒိဋ္ဌဓမ္မဝေဒနီယအနေနဲ့ တိပိဋကငွေရတုပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပတယ်။ အတည့်အလင်းပဲ ကြေငြာပါတော့မယ် ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတို့။

တိပိဋကဓရ ၂၅–နှစ်မြောက် ဒီရန်ကုန်မြို့မှာရှိတဲ့ ဒကာဒကာမများ စုပေါင်းကျင်းပ ပြုလုပ်အပ်ကြသော ငွေရတုပူဇော်ပွဲသဘင်က ဘုန်းကြီး၏သာသနာမှု နဝကမ္မ အတွက်လှူဒါန်းအပ်သမျှသော အနာမာသများကို ဒကာ-ဒကာမများက လှူပြီးတဲ့အချိန်မှာ ပိဋကတ်သုံးသွယ် နိကာယ် သာသနာတော်အား လှူပါမယ်၊ အေး–နိကာယ်စာသင်သား၊ တိပိဋကစာသင်သားဆိုတဲ့ သာသနာ့အာဇာနည် သိန္ဓောမြင်းကလေးတွေ ပစ္စည်းလေးပါး မငြိုမငြင် ချမ်းချမ်းသာသာနဲ့အဆောင်အယောင် ပေးပြီးတော့ မွေးပါမယ်ဆိုတာ အတည့် အလင်းကြေငြာပါတယ်။

ဒါသည် ဒကာ၊ ဒကာမတွေရော ဆရာတော်တွေပါဘောင်းပန့်ပြီးတော့ လိုအပ်ချက်ကို တင်ပြ လျှောက်ထားခြင်း၊

ပြောကြားခြင်း ဖြစ်ပါတယ်။ ပြောဆိုချင်တဲ့ ဆောင်ပုဒ်က တော့ ကောင်းသိလျှင် တာဝန်ရှိတယ်၊ တာဝန်သိလို့ တာဝန် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်မှာ တာဝန်တက်တယ်။ ဒီ ကိုယ်တော် ကလေးတွေဟာ သာသနာ့ အာဇာနည် အလျာလေးတွေလို့ သိလာတဲ့အတွက် သူတို့အဖို့ တာဝန်ရှိလာတယ်။ တာဝန်ရှိလို့ တာဝန်သိပြီး ဆောင်ရွက်တဲ့အတွက် ဒီ ကိုယ်တော်လေးတွေ စာအံရလိမ့်မယ်။ မိမိကိုယ်တိုင်လဲပဲ တိပိဋကဓရ အားထုတ် စဉ်က ပုံရိုင်းရိုင်း တာပတ်ကွင်းကို ပြေးမယ့် မြင်းဟာ ဒီစံချိန် ထက် ပိုပြီး လေ့ကျက်ထားတယ်။ ဟော ၆ နာရီ တနေ့လုံး စာပြန်ချိန်၊ အင်း နေ့လယ် ၂ နာရီလောက်ကျတော့ ရင်လဲ ပူလာတယ်။ ဖျော်ရည် တခွက်လောက် သောက်ရတယ်၊ ညနေ ၄ နာရီလောက်ကျယင် တခါ စတုမဓုစားရတယ်၊ ဒါမှဆက်ပြီး တော့ ညမှာ ပြန်နိုင်တယ်။ အဲဒီတော့ ကိုယ်ချင်းလဲ စာတယ်။ ငါ ဒီဆိတ်ငြိမ်ရာ အရပ်မှာ စာကျက်လို့လဲ ကောင်းကောင်း ရတယ်။ ဒီလို အဖျော်ယာဂုကာ စတုမဓုများ မှီဝဲရလို့ ဝေဒနာ မရှဲ့ပဲ တိပိဋကဓရ ဖြစ်ရတယ်၊ ဒီတော့ ငါ့ညီလေးတွေ ဒီအတိုင်း ဖြစ်ကြပါစေ ဆိုပြီးတော့ ဘုန်းကြီးများ အဲဒီ တိပိဋကဓရ အလျောက်၊ နိကာယ ကာဏကအလျောက် တိပိဋက နိကာယ် စာသင်သား သာသနာ့ သိန္ဓောမြင်းကလေးများကို ဘုန်းကြီး တို့ နံနက်မှာဆိုယင် ဆွမ်းနှစ်ထပ် ပြည့်ပြည့် စုံစုံ ဆက်ကပ်၍ နေ့လယ် ညနေ အဖျော်ယာဂုကာနှင့်တကွ စတုမဓု ဘုရားပေးတဲ့ ဆေးများကိုပါ အပြည့် အစုံ ဆက်ကပ်ပြီး ကြိုးစားနိုင်ရန် အားကျက် တိပိဋကပူဇာဖြစ်သော ဓမ္မပူဇာ နဝကမ္မ၊ ဘုန်းကြီး၏ နဝကမ္မ၊

သာသနာ့မှု နဝကမ္မအတွက် လှူဒါန်းကြမည့် တိပိဋကဓရ ဓမ္မပူဇာ အရပ်ရပ် နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား ဒကာ–ဒကာမများက လှူဒါန်းပြီးတဲ့ အချိန်မှာ ရေစက်ချခြင်းပဲ ခေတ္တ ရပ်ပြီးတော့ လှူပါ့မယ်။ ဒုတိယအကြိမ် ထပ်ပြီး ပြောမယ်။ ဘုန်းကြီးကို အနုမောဒနာတရား ထပ်ပြီး ဟောဘို့ ပြောတယ်၊ ဒီကိုယ်တော်က နှံနဲ့ရှည်ကတ်တယ်။ အဲဒီတော့ ရှည်ရှည် ပြောယင် ပရိသတ်က နဲနဲ ပင်ပန်းလာတဲ့အပိုင်းတွေ၊ ဒီကိုယ်တော်အပေါ် ခေါင်းပေါ်မှာ အားလုံး တာဝန်ကျတယ်။ ဒီတော့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့၊ ဆောင်ပုဒ်ကလေးတခု ဆောင်ထားပါ။

(၁) မမေ့မလျော့ကြပါနဲ့

(၂) တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး

(၃) ဒီတော့ မိမိလုပ်ဆောင်ရမယ့်ဓမ္မကိစ္စများအစိက လောကကိစ္စကတော့ မဆောင်ရွက်ယင်မဖြစ်လို့ ထည့်ချင်လဲ ထည့်။ အေး....ဒီတော့ မိမိတို့ ဆောင်ရွက်ရမယ့် ဓမ္မကိစ္စများကို နေ့ရက်တွေ ဆဲ့မထားပါနဲ့၊ ခုကပဲ ကြိုးစား အားထုတ်ကြပါ။

ဒါ အခု ဘုန်းကြီးပြောမယ့် တရားရဲ့ဆောင်ပုဒ်ပါ၊ မမေ့မလျော့ကြပါနဲ့၊ တို့မှာ သေခြင်းတရားနဲ့ အချိန်း အချက် မရှိဘူး။ ဒီတော့ တို့ဆောင်ရွက်ရမယ့် သာသနာ့မှု ဓမ္မကိစ္စကို မြန်မြန် အောင်မြင်အောင် ဆောင်ရွက်ပါဆိုတဲ့ သံဝေဂစကား သုံးခွန်းကို အခု တိပိဋကဓရ ငွေရတုပူဇော်ပွဲသဘင် ဆင်ယင်

ကျင်းပတဲ့ ဒကာ—ဒကာမများအား တရားလက်ဆောင်အဖြစ် ပေးပါရစေ။

ဤဟူင် မမေ့မလျော့နဲ့ဆိုသော စကားသည်

ပမာဒံ ဘယတော ဒိသွာ အပ္ပမာဒဉ္စ ခေမတော

ဘာဝေထ ဋ္ဌင်္ဂိကံမဂ္ဂံ ဧသာ ဗုဒ္ဓါနုသာသနီ

ဆိုတဲ့ စရိယ ပိဋကပါဠိတော်က လာတဲ့ ဘုရား အဆုံး အမကို ခြုံပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ မမေ့လျော့ကြပါနဲ့ ဆိုတဲ့ စကားဟာ—

ပမာဒံ ဘယတော ဒိသွာ အပ္ပမာဒဉ္စ ခေမတော။

ဘိက္ခဝေါ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ပမာဒံ မေ့လျော့ခြင်းကို။ ပမာဒံ၊ အာရုံငါးပါး လိုက်စား မေ့လျော့ ခြင်းကို၊ ဘယတော၊ ကြောက်မက်ဖွယ်မဘေး ဘေးအနေအားဖြင့်။ ဒိသွာ၊ ပဿထ၊ မြင်အောင်ရှုကြကုန်လော့။ ဒိသွာ၊ မြင်ကြပြီးလျှင်၊ အပ္ပမာဒဉ္စ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌၊ ဂရုတစိုက် ကြိုးလုံ့လ၍။ အပ္ပမာဒတရားတို့ကိုဟာ၊ ခေမာတော ဘာဝိတဗ္ဗ၊ မှန်ပြီးတို့တငွ ပွားရမယ် ဘေးမဲ့တရား အနေ အားဖြင့်။ ဒိသွာ၊ ပဿထ၊ မြင်အောင်ရှုကြပါလော့။ ဒိသွာ၊ မြင်ပြီးလျှင်။ အဋ္ဌင်္ဂိကံမဂ္ဂံ၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး ထိုတရားကို၊ ဘာဝေထ၊ ပွားများကြကုန်။ ဧတံ၊ ဤသည်ကား၊ ဗုဒ္ဓါနံ၊ အဆူဆူသော ဘုရားရှင်တို့၏။ ဗုဒ္ဓါနုသာသနီ၊ အဆူဆူ သော ဘုရားရှင်တို့ရဲ့ အဆုံးအမ ဩဝါဒပါတည်း။

အပ္ပမာဒ ဝါဒသည် ဘုရားတိုင်း–ဘုရားတိုင်း ဆုံးမသည့် ဩဝါဒ၊ တနည်းအားဖြင့် ပြောရလျှင် အပ္ပမာဒတရားခေါ်သော တရားသည် ဆင်ခြေရာနှင့် တူတယ်။ အားလုံး ခြေရာတွေသည် ဆင်ခြေရာထဲမှာ အကုန်ရောက်တယ်၊ အကုန်ဝင်ရတယ်။ ထိုအတူ၊ အပ္ပမာဒဆိုသော ကောင်းမှုကုသိုလ် တရားထဲမှာ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု ဆိုတဲ့ တရားတွေ အကုန်ဝင်လာတယ်။ ဒါကြောင့် အပ္ပမာဒတရားကိုဆင်ခြေရာနဲ့တူတဲ့အကြီးဆုံးတရား၊ အရေးကြီးဆုံး တရား ဖြစ်လို့ အပ္ပမာဒေန သမ္ပာဒေထ ဟူသော နောက်ဆုံး သာသနာကြီးကို အကွပ် ကွပ်ပေးတဲ့ စကားဖြစ်တယ်။ အေး အဲဒါကြောင့် မမေ့မလျော့ကြပါနဲ့ ဒီစကားကို ပြောတယ်။

(၂) တို့တတွေမှာ သေခြင်းတရားနဲ့ အချိန်း အချက် မရှိဘူးဆိုသော ဒုတိယဩဝါဒ စကားကလဲပဲ ဘဒ္ဒေကရတ္တသုတ်၊

**အဇ္ဇေဝ ကိစ္စမာတပ္ပံ ကောဇညာမရဏံ သုဝေ**
**နဟိ နောသင်္ဂရံတေန မဟာသေနေန မစ္စုနာ။**

ဆိုသော ဒေသနာတော်အရ–

အဇ္ဇေဝ၊ နက်ဖြန်သဘက် ဖိန်းနွဲဆက်၍ ရက်မဆိုင်းသာ ယနေ့မှာပင်လျှင်။ အာတပ္ပံ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကထ ကြိုးလုံ့လမှုကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ မရဏံ၊ နက်ဖြန်သဘက် သေမယ့်ရက်ကို ဆက်ဆက်ကန် သေလိမ့်မှန်ဟု၊ ကောဇညာ၊ မည်သူတဦးဘယောက် ဉာဏ်ထွင်းဖောက်၍ အသိဉာဏ်ပေါက်နိုင်အံ့နည်း၊ နဇညာဇေ၊ ဘယ်လိုနည်းနဲ့မှ

မသိနိုင်သည်သာ။ ဟိ၊ မှန်၏။ နေ၁၊ ငါတို့အဖို့။ မဟာ သေနေနု၊ ၉၆ ပြာ များလှသော စစ်သည်ဗိုလ်ပါရှိသော။ တေနမစ္စုနာ၊ ထို သေခြင်းဆိုသော တရားနှင့်။ သင်္ဂရံ၊ အချိန်း အချက်သည်။ နတ္ထိ၊ တစိုးတစိ မရှိဘူးဆိုတဲ့... ဘဒ္ဒေကရတ္တ သုတ်ကလာသော ဤတရားဂါထာသည်....ချုံးပြီးတော့ ပြော ခြင်း ဖြစ်ပါတယ်။ သို့သော် သေခြင်းတရားနဲ့ အချိန်း အချက် မရှိဘူး။ ဒါ ဒုတိယစာပိုဒ်။ ဒီတော့ တို့ဆိုင်ရာကိစ္စ မြန်မြန် ပြီးအောင် ကြိုးစားကြဆိုတာက အဓိဋ္ဌာဝကိစ္စမာတပ္ပ နဲ့လဲ ကိုက် ပါတယ်။ ဒီထက်ပိုပြီးတော့ ဉာဏ်ဖြန့်ပြီးတော့ ကြည့်မယ်ဆိုယင်-

ဥဒယဗ္ဗယသင်္ခါရေ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော
သကိစ္စ မနုယုဉ္ဇေယျ မောဃံ ကာလံ နခေပယေ။

ဆိုသော ဓမ္မပဒ ဩဝါဒဒေသနာနဲ့လဲ ကိုက်ပါတယ်။

ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်ပျက်ရ သင်္ခါရတရား တို့ကို၊ နိဗ္ဗိန္ဒိတွာန၊ နိဗ္ဗိန္ဒဉာဏ်ရင့်သန်အောင် ကြိုးကုတ်အားထုတ်၍။ ပဏ္ဍိ တော၊ ပညာရှိသည်။ သကိစ္စ၊ မိမိ၏ကိစ္စကို။ အနုယုဉ္ဇေယျ၊ လုံ့လ ကြိုးကုတ် အားထုတ်ရာ၏။ မောဃံ ကာလံ၊ အားကာ သောက် ကာ ပျော်ရွှင်ကာနှင့်၊ လိုရာမပြီး အချည်းနှီးဖြစ်သော ကာလကို၊ နခေပယေ၊ နခေပယျ၊ မကုန်မခန်း မကျွမ်းစေရာ ဟူသော ဩဝါဒ လိုရင်းအချုပ်အနေနဲ့ အင်း ...သကိစ္စမနုယုဉ္ဇေယျ၊ ဒါကိုကြည့်ပြီးတော့ ပြောခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခု တိပိဋကဓရပူဇော်ပွဲမှာ တိပိဋကဓရကိုယ်တော်က တို့ကိုပေး လိုက် တဲ့ ဩဝါဒတွေ သုံးခုရှိတယ်။ (၁) မမေ့မလျော့ကြပါနဲ့၊

သူတော်ကောင်းတို့။ (၂) တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး။ (၃) ဒီတော့ မိမိတို့ ရည်သန်ထားတဲ့ ဓမ္မကိစ္စများကို မြန်မြန် ကြိုးကုတ် အားထုတ်ပါလို့ ဆောင်ပုဒ် သုံးခု ပေးပါတယ်။ ထိုသုံးခုသော ဆောင်ပုဒ်ကို စာပေသမိုင်း တင်လိုက်တဲ့အခါ ဟောဒီလို ဂါထာဖြစ်လာတယ်။

အပ္ပမတ္တာသဒါဟောထ ဥတ္တာသခ်ါရ ဓမ္မတံ
သကိစ္စမနုယုဥ္စေ့ာ နတ္ထိနေ့ာမစ္စုသာင်္ဂရံ။

ဤဂါထာနဲ့ ဘုန်းကြီးရဲ့ အနုမောဒနာ ဩဝါဒကထာ နိဂုံးချုပ်ရအောင်၊ ပြီးတော့ ရေစက်ချရအောင်၊ အေး....ရေစက်ချယင် ဒကာကြီးတို့ တာဝန်အတိုင်း–

အပ္ပမတ္တာသဒါဟောထ ဥတ္တာသခ်ါရဓမ္မတံ၊
သကိစ္စမနုယုဥ္စေ့ာ နတ္ထိနေ့ာမစ္စုသာင်္ဂရံ။

သာဓဝေါ၊ ကိုယ်ကျိုး သူကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရှက်ဆောင်ဘိတောင်း သူတော်ကောင်းတို့။ သခ်ါရဓမ္မတံ။ ကိုယ်က ဤပုံဖြစ်လိုတုံငြည်း၊ တပုံဆင်ကွဲ။ သူတနဲ့ဖြင့် မဖ...လွဲဘက်ဗွာ ရုပ်နာမ်ဓမ္မသခ်ါရတို့၏ ဓမ္မတာကို။ ဥဘ္တာဖ်ာနာသယ၊ ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က ကြိုတင်ကာ ကြိုးကုတ်သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ဥဒ ...ဗ္ဗယသသခ်ါရ၊ ကိုယ်ရည်ရွယ်ထားတာ။ ဥဘ္တာ၊ သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင် ရုပ်နာမ်ဓမ္မသခ်ါရတို့ရဲ့ သဘောကို မအိုခင်က၊ မနာခင်က၊ မသေခင်က၊ အခုက သိအောင်လုပ်၊ အိုမှု၊ နာမှု၊

သေမှုဆိုတာ ဘာမျှမလုပ်နိုင်ဘူး။ ဥတ္တာ ဇာနာထ၊ ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က ကြိုတင်ကာ ကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ဥတ္တာ၊ သိမြင်အောင် ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ သဒါ၊ နေ့နေ့ ညည ခပ်သိမ်းသော ကာလ၌၊ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင် ထားကြကုန်သည်။ အပ္ပမတ္တာ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကာတ ကြိုးလုံ့လ၍ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။အပ္ပမတ္တာ၊ မမျှော်လင့်ပဲဗြုန်းကနဲရောက်စွဲနာဗျာဓိ၊မည်သူမဆိုဘယ်နေ့ဘယ် အနာရမယ် မရှိဘူး၊ ဗြုန်းကနဲ ဗြုန်းကနဲ ရောက်မယ်။ အပ္ပမတ္တာ မမျှော်လင့်ပဲ ဗြုန်းကနဲ ရောက်စွဲ နာဗျာဒိ။ မမျှော်လင့်ပဲ သူ၏နဲ့ ကိုယ်လဲ အိုနိုင်၏။ မမျှော်လင့်ပဲ ဗြုန်းကနဲ ဖောက်လွဲ သေနိုင်၏ဟု သတိလှိုက်လှဲ စိတ်ဝယ် စွဲကြကုန်သည်။ ဟောသထ၊ မြေလက်ခတ်နဲ၊ မလွဲကေန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့၊ မမေ့မလျော့ကြနှင့်ဟူသော စကားကို တရားနယ်ပယ်နဲ့ ခွဲလိုက်လျှင် ဤကဲ့သို့ ပြန့်ကျယ်လာပါတယ်။ ကျန်တဲ့ စကားနှစ်ခွန်းကို ခွဲရမယ်။ နော—တဏှာမာန်ဝဋ် ခန္ဓာဝဋ်မှ ထွက်ဆုရည်ခြေ တို့တတွေအား။ နော—တဏှာတည်းဟူသော မာန်မင်း၏ ညွတ်ကွင်း၊ ခန္ဓာ တည်းဟူသော သံသရာဝဋ် အတွင်းမှ လွတ်ကင်းရန်ရည်ခြေ တို့တတွေအား။ မစ္ဆုသဂ်ရ်၊ မစ္ဆုမည်လျှင်း၊ ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်လူးလျက် နှစ်ဦး နှစ်ဘက် ချိတ်အဆက်ဖြင့် ဤရက်ခါမှ သေအံ့

4 ဟူ၍လည်းကောင်း၊ ဤလခါမှ သေအံ့ဟူ၍လည်းကောင်း၊ ဤ

နှစ်ခါမျှ သေအံ့ဟူ၍လည်းကောင်း၊ သဘောတူ အချိန်းအချက် စာချုပ် စာတမ်း စာရွက်တို့နှင့်တကွလက်ဆောင် တံစိုး ထိုး၍ ထားခြင်းသည်။ နတ္ထိ၊ လူတိုင်းကေန် တို့တတွေမရှိ မှန်၏။

ဘယ်သူမှ တို့သေခြင်းတရားနှင့် အချိန်းအချက်ထားလို့မရှိဘူး။ တသွာ၊ ထို့ကြောင့်၊ ဝါ၊ သို့ရကား။ သင်္ကိစ္စ၊ ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောက်နှောင်း တောက်လျှောက်ကောင်း အောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်၍ နှစ်တန်သောလောက မမွစီးပွား ကိုယ့်ကိစ္စများကို အနုယဥ္စေဝှာ၊ လုံ့လ ကြိုးကုတ် အားထုတ်ကြပါကုန်လော့။ အနုယဥ္စေဝှာ၊ လုံ့လ ကြိုးကုတ် အားထုတ်နိုင်ကြပါစေ။ သကိစ္စမနုယဥ္စေဝှာ၊ ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ပဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြ၏။ သဘာဝ သူ့ညာဉ်ကို သမ္ဗဇဉ်နိုင်းညှိ အမှန်အဘိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသောလောက မမွစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကို မဆွဲကြပဲ၊ ယခုကပင် အရေးဝင် အောင် ကြိုတင်ကာ ကြိုးကုတ်အားထုတ်တော် မူနိုင်ကြပါစေ **သတည်း။**

**သာဓု—သာဓု—သာဓု**

## အနာထပိဏ္ဍိကောဝါဒ သုတ္တန်လာ
## ဝိပဿနာဆယ်မျိုး တရားလင်္ကာ

(အမှာ)။ ။သူတော်ကောင်းတို့.. ဘုန်းကြီးသည် ရှေးက လူဝတ်ကြောင် ပါဠိ မကျွမ်းကျင်ကြသော ဒကာ ဒကာမများ အတွက် ဝိပဿနာရှုပုံ တရားလင်္ကာပိုဒ်များကို မိမိ ဉာဏ်မှီသလောက် ရေးသား ဖြန့်ချိစေခဲ့ရာ ထိုရှေးဖြစ်သော တရားလင်္ကာတို့၌ "အနိစ္စ, ဒုက္ခ, အနတ္တ"ဟူ၍ ဆင်ရှူခြင်သော စာပိုဒ်များသာဖြစ်နေ၍ "နေတံ မမ၊ နေသောဟ မသ္မိ၊ နမေသော အတ္တာ"ဟူ၍ ရှုဆင်ခြင်သော စာပိုဒ်များပါ ပါရှိစေရန် ဤ အနာထပိဏ္ဍိကောဝါဒ ဝိပဿနာ လင်္ကာတို့၌ အနည်းငယ် ပြင်ဆင် ဖြည့်စွက် ရေးသား ဖြန့်ချိစေပါသည်။ ရှေးက မိမိတို့ လေ့လာပြီးသော ဝိပဿနာ တရားလင်္ကာတို့၏ နောက်ပိုင်း စာပိုဒ်များကို ဤအနာထပိဏ္ဍိကောဝါဒဝိပဿနာ တရားလင်္ကာအတိုင်း ရွတ်ဆို ပွားများနိုင်ကြပါသည်။

### (၁) ဒွါရ ၆–ပါး တရားလင်္ကာ

၁။ မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင်ရှုသည် ကာလ၊ မတည်ထပ်၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက် နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ပိုင်မြဲကျော့မှာ၊ နှက်မပါဘူး၊ ပညာစက္ခု၊ မျှော်မှတ်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏၊ ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟိုလ်ပကြာ

တို့၊ ဘာသာခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မ သက်သက်ပါတကား။
၂။ နားဟုတွင်မည်၊ ရုပ်အကြည်လည်း၊(ရှေးနည်း ဆက်၍ဆို)
၃။ နှာခေါင်းတွင်မည်၊ ရုပ်အကြည်လည်း၊(ရှေးနည်း ဆက်ဆို)
၄။ လျှာဟုတွင်မည်၊ ရုပ်အကြည်လည်း၊(ရှေးနည်း ဆက်၍ဆို)
၅။ ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်လည်း၊ (ရှေးနည်းဆက်၍ဆို)
၆။ မနောတွင်မည်၊စိတ်အကြည်လည်း၊ (ရှေးနည်း ဆက်၍ဆို)

## (၂) အာရုံ ၆–ပါး တရားလင်္ကာ

၁။ အဆင်းတွင်မည်၊ရုပ်ထို၍ကား၊ (ရှေးနည်းဆက်၍ဆိုလေ)
၂။ အသံတွင်မည်၊ရုပ်ထို၍လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၃။ အနံ့တွင်မည်၊ရုပ်ထို၍လည်း။ (ရှေးနည်း ဆက်၍ဆိုလေ)
၄။ အရသာတွင်မည်၊ရုပ်ထို၍လည်း၊(ရှေးနည်းဆက်၍ဆိုလေ)
၅။ အတွေ့တွင်မည်၊ရုပ်ထို၍လည်း၊(ရှေးနည်းဆက်၍ ဆိုလေ)
၆။ ဓမ္မတွင်မည်၊ရုပ်နာမ်သည်လည်း၊(ရှေးနည်းဆက်၍ဆိုလေ)

## (၃) ဝိညာဏ် ၆–ပါး တရားလင်္ကာ

၁။ မျက်စိ၌မှီ၊ ဝိညာဏ်သည်ကား၊ (ရှေးနည်း ဆက်၍ဆိုလေ)
၂။ နား၌စွဲမှီ၊ ဝိညာဏ်သည်လည်း၊(ရှေးနည်း ဆက်၍ဆိုလေ)
၃။ နှာခေါင်း၌မှီ၊ ဝိညာဏ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆို)
၄။ လျှာ၌စွဲမှီ ဝိညာဏ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၅။ ကိုယ်၌စွဲမှီ၊ဝိညာဏ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၆။ မနောတွင်မည်၊ဝိညာဏ်သည်လည်း၊ (ရှေးနည်းဆက်၍ဆို)

## (၄) ပဿ ၆–ပါး တရားလက်ာ

၁။ မျက်စိဋ္ဌမို၊ အတွေ့သည်ကား၊ (ရှေးနည်း ဆက်၍ဆိုလေ)
၂။ နားဋ္ဌကွဲမို၊ အတွေ့သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၃။ နှာခေါင်းဋ္ဌမို၊ အတွေ့သည်လည်း၊ (ရှေးနည်းဆက်၍ဆိုလေ)
၄။ လျှာဋ္ဌစွဲမို၊ အတွေ့သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၅။ ကိုယ်ဋ္ဌစွဲမို၊ အတွေ့သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)
၆။ မနောဋ္ဌမို၊ အတွေ့သည်လည်း၊ (ရှေးနည်း ဆက်ဆိုလေ)

## (၅) ဝေဒနာ ၆–ပါး တရားလက်ာ

၁။ မျက်စိအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ ဝေဒနာ သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနည်းဆက်၍ ဆိုလေ)

၂။ နားဋ္ဌအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည် ဝေဒနာ သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊(ရှေးနည်းဆက်၍ ဆိုလေ)

၃။ နှာခေါင်းအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ဝေဒနာ သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊(ရှေးနည်းဆက်၍ ဆိုလေ)

၄။ လျှာဋ္ဌအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ ဝေဒနာ သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနည်း ဆက်၍ ဆိုလေ)

၅။ ကိုယ်ဋ္ဌအတွေ့၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ ဝေဒနာ သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနည်း)

၆။ မနောအတွေး၊ တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ ဝေဒနာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနည်းဆက်လေ)

(၆) ဓာတ် ၆–ပါး တရားလင်္ကာ

၁။ အကြမ်း-အနု၊ နှစ်ခု ပထဝီ၊ မြေဓာတ်သည်ကား၊ (ရှေးနည်း ဆက်၍ ဆိုလေ)

၂။ ဖွဲ့သော-စီးသော၊ အာပေါနှစ်မည်၊ ရေဓာတ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)

၃။ ပူသော-အေးသော၊ တေဇောနှစ်မည်၊ မီးဓာတ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)

၄။ ပျော့သော-မာသော၊ ဝါယောနှစ်မည်၊ လေဓာတ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)

၅။ ကလာပ်ခြားမျှ၊ အာကာသမည်၊ ထိုဓာတ်သည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)

၆။ မြင်-ကြား-နံ စား၊ ထိ-သိ အားဖြင့်၊ ခြောက်ပါးဓာတ်မည် ဝိညာဏ်သည်လည်း မြင့်ရှည်ကာလ မတည်ထပဲ (ရှေးနည်း ဆက်၍ ဆိုလေ)

(၇) ခန္ဓာ ၅–ပါး တရားလင်္ကာ

၁။ ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ (ရှေးနည်းဆက်၍ဆိုလေ)

၂။ ဝေဒနာမည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်း ဆက်၍ဆိုလေ)

၃။ သညာတွင်မည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းဆက်၍ဆိုလေ)

၄။ သင်္ခါရမည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်းဆက်၍ဆိုလေ)

၅။ ဝိညာဏ်ခြောက်မည်၊ ခန္ဓာသည်လည်း၊ (ရှေးနည်း ဆက်လေ)

## (၈) အရူပစျာန် ၄ ပါး တရားလင်္ကာ

၁။ အာကာသတွင်မည်၊ ဈာန်စိတ်သည်ကား၊ (ရှေးနည်းဆက်)
၂။ ဝိညာဏ်တွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းဆက်)
၃။ အာကိဉ်တွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းဆက်)
၄။ နေဝတွင်မည်၊ ဈာန်စိတ်သည်လည်း၊ (ရှေးနည်းဆက်)

## (၉) စည်းစိမ်နှစ်ပါး တရားလင်္ကာ

၁။ ဣဿရဝဣတည်၊ စည်းစိမ်သည်ကား၊ (ရှေးနည်းဆက်လေ)
၂။ တမလွန်ဣတည်၊စည်းစိမ်သည်သည်း၊(ရှေးနည်းဆက်လေ)

## (၁၀) ဒိဋ္ဌဒိဝါဒ တရားလင်္ကာ

၁။ မြင်အပ်၊ကြားအပ်၊ ရောက်-သိအပ်ဟု၊ လေးရပ်တွင်မည်၊ ရုပ်နာမ်သည်လည်း၊ မြင့်ရှည်ကာလ၊မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လှန့်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်-မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊အနိစ္စနှင့်၊ ဒုက္ခ-အနတ္တာ၊ မှန်လှစွာ၏။ ငါ့,ငါ့ဥစ္စာ၊ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။ ။

အနာထပိဏ္ဍိကောဝါဒ သုတ္တန်လာ ဝိပဿနာ(၁၀)မျိုး
တရားလင်္ကာ ပြီး၏။

# ဤစာအုပ်များနှင့်ပတ်သက်၍

အလိုရှိက ဆက်သွယ်ရန်-

၁။ မြတ်ဗုဒ္ဓ၏တေဒင်္ဂဘွဲ့ရပုဂ္ဂိုလ်မြတ်များ။

၂။ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ၏ထေရုပ္ပတ္တိအကျဉ်းနှင့် ငွေရတု ဩဝါဒကထာ ဝိပဿနာ ဆယ်မျိုးတရားလင်္ကာများ—

စာအုပ်တို့ကို အလိုရှိပါက

၁။ မင်းကွန်းတိပိဋကနိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး၊ ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှ
အမှတ် ၁၀ (ခ) မာတင်ရိပ်သာ ပြည်လမ်းရန်ကုန်မြို့။
ဖုန်း ၃၂၆၄၀ သို့လည်းကောင်း။

၂။ ဗမာ့ခေတ်စာပေနှင့်ထွန်းထွန်းမြင့်ပုံနှိပ်တိုက်
၃၀၂/၄၀လမ်း (အထက်လမ်း) ရန်ကုန်မြို့သို့
လည်းကောင်း ဆက်သွယ်မှာကြားနိုင်ပါသည်။

# မမွသံဝေဂ ဂါထာ လင်္ကာများ

## အပ္ပမာဒ သံဝေဂ လင်္ကာ

ရှုပ်နှာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဏ္ဍုံ၊ ဖြစ်လိုတုံလည်း၊ တဖုံဆင်ကွဲ၊ သူတန်ခဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍...

ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက် ခန္ဓာ၊ သေပိမ့်ငါ–ဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမျှ၊ မရှိကြဘူး ...

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"

ဘုရားစကား၊ လိုက်နာပွားသည်၊ တရားလက်မလွှတ်စေနှင့်။

## ကိုသာဂေါတမိ မျက်ရည်သိမ်း သံဝေဂလင်္ကာ

ရှုပ်နှာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကိုယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံ၊ တန်ဂုံနှင့်၊ ခေါ်ထုံးဝေါဟာ၊ တမြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွားလေလော၊ မဟုတ်ပါဘူး....။ ဗြဟ္မာ,လူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်

စ—လျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂကျွဏ၊ မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊တချုပ်ချုပ်လျှင်၊နာမ်ရုပ်နှစ်မျိုး၊ဖြစ်တိုင်းညှိုးသည် ...

အရိုး အနိစ္စပါတကား...။ အရိုး ဒုက္ခပါတကား...။

အရိုး အနတ္တပါတကား ...။

**ကိသာဂေါတမီ ရဟန္တာဖြစ်သည့်**

**ဂါထာနှင့် တရားလင်္ကာ**

(ဂါထာ) **ယော စ ဝဿသတံ ဇီဝေ၊**
**အပဿံ အမတံ ပဒံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊**
**ပဿတော အမတံ ပဒံ။**

(လင်္ကာ) အနှစ်တရား၊သက်ရှည်ကြာလည်း၊ခေမာအမတ၊ မမြင်ရသော်၊ဘဝဤဇာတ်၊ကယ်မမြတ်ဘူး....။ ဝိပဿနာ၊အခြေပါ၍၊လေးဖြာမဂ်စု၊ဉာဏ်စက္ခုဖြင့်၊ ဓုဝဧကန်၊ နေရဗာန်ကို၊ ဝေဘန်မြင်က၊ တရက်မျှလျှင်၊ ဇီဝရှည်လျှင်း၊ တည်နေခြင်းက၊ လွန်မင်းသာစွ၊ မြတ်ထွတ်လှ—ဟု၊ ဇိနဘုရား၊ ဟောမိန့်ကြားသည်....၊ တရားကြိုးသင့် လှပြီတကား....။

နာမ်ရုပ်ကိုပိုင်းခြား၍ ဝိပဿနာတင်ရန်

၁။ ဤ ကိုယ်ကာယ၊ တလံမျှ၌၊ နှစ်ဝ နာမ်ရုပ်၊ ဖြစ်၍ချုပ်၏....။ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊

ဤကား ငါတည့်၊ ဤမှာ ဇီဝ၊ ဤအတ္တ—ဟု၊ ညွှန်ပြဘွယ်ရာ၊ မရှိပါသည်.......၊ ခန္ဓာနာမ်ရုပ်မျှသာတည်း.....။

၂။ နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျား ကာလ၊ မတည်ကြပဲ၊ ခဏ ဖြစ်လျက်၊ ခဏ ပျက်၍၊ နှိပ်စက် ခြင်းရာ၊ လို့မပါဘူး....၊ သဘာဝအား၊ဤသုံးပါးကြောင့်၊ဖြစ်ပွားသမျှ၊ အနိစ္စသည်....၊ ဒုက္ခ, အနတ္တ ချည်းသာတည်း။

## စတုသစ္စ ကမ္မဋ္ဌာန်းလင်္ကာ

၁။ ပဋိသန္ဓေ၊ အို, နာ, သေဟု၊ လေးထွေ ရင်းမြစ်၊ ဒုက္ခဖြစ်၏။ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်း ပြဆော်၊ ပဉ္စုပါဒါ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခ ဖြစ်ကြောင်း၊ မကောင်း တဏှာ၊ လောဘမှာ၊ သစ္စာသမုဒယ မှန်မောလှ။

၃။ တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စာနိရောဓ၊ မှန်မောလှ။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်၊ တွင်ညီမဂ္ဂ၊ မှန်မောလှ။

(မှတ်ချက်) ဓမ္မစကြာ ပါဠိတော်လာ သစ္စာ လေးပါးကို ဖော်ပြသည့် "ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ" အစရှိသော စာပိုဒ် ၄ ပိုဒ် ပါဠိနှင့်အနက်တို့ကိုပါ ယှဉ်တွဲ၍ ဤလင်္ကာအတိုင်း နှလုံးသွင်းလျှင် ပို၍ ထင်လွယ် သိလွယ်၏။

## (ဓမ္မသံဝေဂ တရားလက်ဆောင်)

အပ္ပမတ္တာ သဒါ ဟောထ ဥတ္တာ သင်္ခါရဓမ္မတံ။
သက်ိစ္စ မနုယုဥ္ဇေ့ါ၊ နတ္ထိ နေ့ာ မစ္စု သင်္ဂရံ။

ဩဘန္တော၊ လေးပါးသောမဂ်ဉာဏ်၊ လေးပါးသော ဖိုလ်ဉာဏ်ကို ရရန်ရှယ်ချောင်း ဆုပန်တောင်း၍ စုပေါင်းညီညာ စည်းဝေးလာသည့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ သင်္ခါရဓမ္မတံ၊ ကိုယ်ကဤပုံ ဖြစ်လိုတုံလည်း တဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ရုပ်နာမ်မှု၊ သင်္ခါရတို့၏ ဓမ္မတာကို။ဥတ္တာ ဇာနာထ၊ကိုယ်စီကိုယ်ငှ၊ အဇ္ဈတ္တဝယ်၊ ဉာဏစက္ခု၊ မျှော်ထောက်ရှု၍၊ ယခုပင်လျှင်၊ သိမြင်အောင်ကြိုးကုတ်၊ အားထုတ်ကြပါစေကုန်သတည်း။ ဥတ္တာ သိမြင်အောင်ကြိုးကုတ်၊ အားထုတ်ကြပြီးလျှင်။ သဒါ၊ နေ့ရောညပါ ခပ်သိမ်းသော အခါကာလ၌။ အပ္ပမတ္တာ၊ အပ္ပမာဒတရား၊ လက်ကိုင်ထားတော်မူကြကုန်သည်။ အပ္ပမတ္တာ၊ ကုသိုလ်ဆယ်ခု၊ မြတ်ကောင်းမှု၊ ဂရုကတ၊ ကြိုးလုံ့လသည့်၊ အပ္ပမာဒတရား၊ လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ၊ မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ ရောက်ဆဲ နာဗျာဓိ။
မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ အိုလဲ အိုနိုင်၏။
မမျှော်လင့်ပဲ၊ ဗြုန်းကနဲ၊ပေါက်လွဲသေနိုင်၏။

ဟု သတိလိုက်လှဲ့ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ၊ ဇာကန်စင်စစ် ဖြစ်ဘော်မူကြပါစေကုန်သတည်း။ နေ့ာ၊ တဏှာမာရ်ညွှတ်၊

ခန္ဓာဝဋ်မှ၊ ကျွတ်ရန်ရည်ချွေ၊ တို့ဓာတေ့အား။ နေ၁၊ တကျာ တည်းဟူသော မာရ်မင်း၏ ညွတ်ကွင်း၊ ခန္ဓာ တည်းဟူသော သံသရာ ဝဋ်အတွင်းမှ၊ လွတ်ကင်းရန်ရည်ချွေ၊ တို့ကတေ့အား။ မစ္ဆု သင်္ဂရုံ၊ မစ္ဆု မည်လျှင်း၊ ရှင့်သေမင်းနှင့်၊ အတွင်းကြိတ်ပူး၊ မိတ်ရည်နှုး၍၊ နှစ်ဦးနှစ်ဘက်၊ ချိတ်အဆက်ဖြင့်....၊

ဤရက်ခါမူ၊ သေအံ့ဟူ၍ရင်း၊

ဤလခါမူ၊ သေအံ့ဟူ၍ရင်း၊

ဤနှစ်ခါမူ၊ သေအံ့ဟူ၍ရင်း၊

သဓောဘာတူ ချိန်းအချက် စာချုပ်စာတမ်းစာရွက်တို့နှင့်တကွ၊ လက်ဆောင်တန်စိုး၊ ထိုး၍ထားခြင်းသည်၊ နတ္ထိ၊ လူတိုင်းကောန်၊ မရှိရိုး မှန်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သကိစ္စ၊ ခုဝတ္တမာန်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်နောက်နှောင်း၊နိဗ္ဗာန်တိုင်တောက်လျှောက်ကောင်းအောင်၊ ရွယ်ချောင်းဆုပန်၊ စိတ်ရည်သန်သည်၊ နှစ်တန်သော လောက ဓမ္မစီးပွား၊ ကိုယ့်ကိစ္စများကိုသာ။ အနုယူဥဝေါ၊ လုံ့လ ကြိုးကုတ်၊ အားထုတ် ယူ နိုင် ကြ ပါ စေ သ တည်း။ အနုယူဥဝေါ၊ ရုပ်နာမ် နှစ်ပြင်၊ ကိုယ် ဖြစ်ချင်သလို မဖြစ်ပဲ၊ သူတို့ ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝ သူ့ဥာဉ်ကို၊ သမ္မာဉ်နိုင်းညှိ၊အမှန်အတိုင်းသိကြ၍၊မိမိတို့ဆိုင်ရာ၊နှစ်ဖြာသော လောက ဓမ္မစီးပွား၊ ကိုယ့်ကိစ္စ များကိုဖြင့်၊ ရှည်လျားကာလ၊ အချိန်ကိုမဆွဲကြပဲ၊ ယခုကပင်၊ အရေးတွင်အောင်၊ ကြိုတင်ကာ ကြိုးကုတ်၊အားထုတ်ကျင့်ကြံတော်မူနိုင်ကြပါစေကုန်သတည်း။

## အာသိဝိသောပမသုတ် အချုပ်လင်္ကာ

ကံမင်းတရား၊ လူခိုးသားတို့၊ သုံးပါး ဝဋ်နှောင်၊ ဘဝ
ထောင်၌၊ လေးကောင်မြေတတ်မြွေ၊ နှင်းအပ်ပေ၏။ ။ပရမေ
ဗုဒ္ဓ၊ မိတ်ကောင်းမရ၍၊ ဘဝ ဝဋ်နှောင်၊ မြွေလေးကောင်မှ၊
လွတ်မြောက်ချင်ရှုန်းထွက်၊ ပြေးပါလျက်လည်း၊ လက်နက်ကိုယ်စီ၊
စွဲကိုင်ချီ၍၊ လောကီခန္ဓာ၊ ငါးဖြာဟူသား၊ သူသတ်များနှင့်၊
ထံပါးကပ်ကာ၊ သတ်ခွင့်ရှာသည့်၊ တဏှာခေါ်မှတ်၊ တွင်းလူ
သတ်တို့၊ ထက်ကြပ်မကွာ၊ ကပ်လျက်ပါ၏။

ရွာပျက်ကြီးနှယ်၊ ရွှေခြောက်သွယ်ကား၊ ကိုးဖွယ်မရ၊ ဆိတ်
သုဉ်းလှခဲ့ ။

ဒမြစ်တပ်သား၊ နောက်ဆက် ပွားသည်၊ ခြောက်ပါး
အာယတန၊ သောင်းကျန်းလှ၏၊ ဩဃ လေးသွယ်၊ မြစ်ပြင်
ကျယ်၏၊ ဤဝယ်ဘက်ကျ၊ သက္ကာယကား၊ များလှဘေးဘျမ်း၊
ရန်သူပြမ်း၏၊ရှစ်ခန်းသောမဂ်၊ ဖောင်ဖွဲ့ယှက်၍၊ ဖြေလက်ဝီရိယ၊
ကူးခပ်မှလျှင်၊ဘဝမှာကမ်း၊နိဗ္ဗာန်နန်းသို့၊ ကူးသန်းထုတ်ချောက်၊
ဘေးလွတ်မြောက်မည်၊ ကြိုးထောက် သင့်လှပြီတကား။

## ဗာဟိယသုတ္တန်နှင့်အညီ ဝိပဿနာရှုနည်း လင်္ကာ

၁။ မြင်အပ်မြင်တတ်၊ဤနှစ်ရပ်ကား၊ ခေတ်စုမှန်လှ၊ မည်ဒိဋ္ဌ၊
မမှသက်သက်ပါတကား။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊နာမ်ရုပ် အစုပါတကား။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။

လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။
၂။ ကြားအပ်ကြားတတ်၊ ဤနှစ်ရပ်ကား၊ ခေတ်စုမှန်လျှ၊ မည်သုတ၊ ဓမ္မသက်သက်ပါတကား။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် ဒုက္ခပါတကား။
လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။
၃။ ရောက်အပ်ရောက်တတ်၊ ဤနှစ်ရပ်ကား၊ ခေတ်စုမှန်လျှ၊ မည်မုတ၊ ဓမ္မသက်သက်ပါတကား။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက် ဒုက္ခပါတကား။
လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။
၄။ သိအပ် သိတတ်၊ ဤနှစ်ရပ်ကား၊ ခေတ်စုမှန်လျှ၊ ဝိညာတ၊ ဓမ္မသက်သက်ပါတကား။
ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ်အစုပါတကား။
ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက်အနိစ္စပါတကား။
အဖြစ်အပျက်၊ လွန်နှိပ်စက်၊ သက်သက်ဒုက္ခပါတကား။
လိုမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။

အင်္ဂုတ္တရစတုက္ကနိပါတ်၊ ပတ္တကမ္မသုတ် လင်္ကာ

ဥစ္စာစီးပွား၊ ခြွေရံများ၊ ရှည်လျားသက်ဇီဝ။
သေလျှင်သော်ကား၊ နတ်ရွာလား၊ လေးပါးရခဲစွ။

သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ သမ္ပဒါ၊ လေးဖြာရကြောင်းပြ။ ကိုယ်လည်းသုံးဆောင်၊ ဘေးလွတ်အောင်ပြု၊ ငါးခုဗလိ ပူဇော်ဘိ၍၊ ဒက္ခိဏာမည်၊ လှူဝတ်တည်၊ လေးမည်ပတ္တ မြတ်ကမ္မ။

## အမြတ်ယူအပ်သည့် ဓမ္မအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။

---

လူသေသော်လည်းပဲ အလှူမသေတဲ့အလှူ မြစ်မ်းပါဆိုယင်

(ပရိယတ္တိ သာသနာပြု ငွေပဒေသာပင်ထဲမှာ၊ ပင်မအနေနဲ့ စိုက်ပြီးတော့၊ အတိုးအညွန့်ကို မိမိတို့ လိုအပ်တဲ့ ရည်မှန်းတဲ့အတိုင်း၊ သုံးစွဲဘို့ဆိုတဲ့ စည်းမျဉ်းဥပဒေသနဲ့ ရေးဆွဲပြီးတော့ လှူဒါန်းခြင်းဟာ—လူသေ သော်လည်း အလှူမသေတဲ့ အလှူ ဖြစ်ပါတယ်။

(အရှင်ဝိစိတ္တသာရာဘိဝံသ)

ငွေရတု၏ ငွေရတုပူဇော




၁၃၅၂ ခု တော်သလင်းလပြည့်နေ့မှစတင်၍စစ်ကိုင်း
မင်းကွန်းမိုးမိတ်ဘုရားပွဲတော်နှင့်အတူကျင်းပမည့်၊တိပိဋ
ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဦးဝိစိတ္တ သာရာ
မဟာထေရ်၏ တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိတော်မူ
(၂၅)နှစ်မြောက် ငွေရတုပူဇော (၂၅) လ ပူဇော်ပွဲ အထိမ်း
အမှတ်ရင်ထိုးတံဆိပ်ပုံတော်။